ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (19-7-2010) (၆၄၆၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး	✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး ကျင်းပ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်တို့အား ရွေးချယ်တင်မြှောက်

ရန်ကုန်   ဇူလိုင်   ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

မြန်ပြည်တစ်ဝန်း လမ်း၊ တံတားများကွန်ရက် ဆက်စပ်ရစ်ပတ်ဖွဲ့နှောင်

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုတို့သည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး အထောက်အကူပြုသကဲ့သို့ တိုင်းရင်းသား လူမျိုးအချင်းချင်း ပေါင်းကူးဆက်သွယ်မှုကို လျင်မြန်သွက်လက်စေပြီး စည်းလုံးညီညွတ်မှုအား တိုးပွားစေသည်။

မောင်စောဝင်း(မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - ကြေးမုံ

အဆင်အပြင်
နိုင်လင်းကြည်

၁၉၈၈ ခုနှစ် မတိုင်မီက လမ်းပန်းဆက်သွယ်ရေး မပြည့်စုံ၊ အကြောင်း အမျိုးမျိုးကြောင့် တောတောင်ထူထပ်ပြီး ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများ မဆိုထားနှင့် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့၌ပင် ကားလမ်းခရီးဟူ၍ မည်မည်ရရမရှိ။ ရေကြောင်းနှင့် လေကြောင်းခရီးကိုသာအားပြုပြီး ကူးသန်းသွားလာခဲ့ရသည်။ လမ်းအများစုသည်လည်း အချိန်အခါမရွေး တိုးလျှိုပေါက် တောက်လျှောက် ဖြောင့်ဖြောင့်တန်းတန်း ကူးသန်းသွားလာနိုင်သော လမ်းများ မဟုတ်ခဲ့ပေ။

ထိုစဉ်က ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင် နှစ်သောင်းကျော်သာရှိခဲ့ပြီး ပေ ၁၈၀ အထက် တံတား ၁၉၈ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၃၃၀၅ စင်းသာ တည်ဆောက်နိုင်ခဲ့သည်။

မျက်မှောက်ခေတ်၌ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်မှုက အံ့ဩစရာ။ ကျယ်ဝန်းပြီး ညီညာပြန့်ပြူးစွာ ခင်းပေးထားသော ခြောက်လမ်းသွား၊ လေးလမ်းသွား လမ်းမကြီးများက ထီးထီးမားမား။ မန္တလေး- မြစ်ကြီးနား၊ မန္တလေး- ဗန်းမော်၊ မြစ်ကြီးနား- ပူတာအို၊ ဘားအံ-ဇာသပြင်-မော်လမြိုင်၊ တောင်ကြီး-ရွှင်-ဟံမြင့်မိုရ်၊ နေပြည်တော် ပျဉ်းမနား-ပင်လောင်း၊ စစ်တွေ-အမ်း- မင်းဘူး၊ ကော့သောင်း-ဘုတ်ပြင်း-ထားဝယ်-မော်လမြိုင်၊ တောင်ကုတ်- မအီ- ကျောက်ဖြူ မုံရွာ-ခန္တီးစသည့် ပြည်ထောင်စုလမ်းမကြီးများ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ထွန်းလာခဲ့သည်။

မင်းဘူး- ဆိပ်ဖြူ-ပခုက္ကူ-မုံရွာလမ်းနှင့် မင်းလှ-သရက်-ပြည် ကားလမ်းတို့ကို ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖောက်လုပ်ပေးခဲ့သည်။ နတ်မောက်နှင့် မကွေး၊ မုံရွာနှင့် ကလေးဝ၊ တောင်ငူမှ ပြည်၊ နေပြည်တော်ပျဉ်းမနားမှသည် တောင်တွင်းကြီး အရောက် အရှေ့မှ အနောက် ဖြတ်သန်းသည့် ကားလမ်းသစ်များ ဖြစ်ထွန်းလာခဲ့သည်။

ဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့စေရေးအတွက် ပြည်နယ်အတွင်း အဆင့်မြှင့်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိရာတွင် မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီး လမ်းပိုင်းအား ဤသို့ ဖြောင့်ဖြူးလျက်ရှိသည်ကို တွေ့ရသည်။

မျက်မှောက်ခေတ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို လေ့လာကြည့်လျှင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း အပါအဝင် လမ်းမိုင် ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ အဓိက မြစ်၊ ချောင်းများအပေါ်၌ လမ်းများကို

စာမျက်နှာ ၈ ကော်လံ ၁ သို့❑

မြကြေးမုံ The Mirror
၁၉-၇-၂၀၁၀
(တနင်္လာနေ့)

မျိုးဆက်ပွားကျန်းမာရေး တိုးမြှင့်အသိပညာပေး

မျက်မှောက်ကမ္ဘာတွင် နိုင်ငံအများအပြားက ဆင်းရဲနွမ်းပါးမှု လျော့ကျလာရေး စီစဉ်ဆောင်ရွက်နေကြပြီ။ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာရေး အားထုတ်လျက်ရှိသည်။ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ ငါးနှစ်အောက်ကလေး သေဆုံးမှုလျော့ချရေး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကျန်းမာရေးပိုမိုကောင်းမွန်ရေးနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတို့တွင် ပူးပေါင်းကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မွေးကင်းစကလေးသေဆုံးမှု လျော့ချရေး၊ ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုလျော့ချရေး၊ HIV/AIDS စသည့် ရောဂါများတိုက်ဖျက်ရေးနှင့် ဘက်စုံမျိုးဆက်ပွား ကျန်းမာရေးနည်းများနှင့် ဝန်ဆောင်မှုများတိုးတက်ရေး ကြိုးပမ်းလျက်ရှိသည်။

မျိုးဆက်ပွားကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် အားဖြည့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေသည်။ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း(၂၀၀၄-၂၀၀၈)ကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၀၉-၂၀၁၃ခုနှစ်အတွက် မဟာဗျူဟာ(၅)နှစ် စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် သဘာဝအရင်းအမြစ်များသာမက လူ့စွမ်းအားအရင်းအမြစ်များပါ ပြည့်စုံမှုရှိရပေမည်။ မျိုးဆက်ပွားကျန်းမာရေးသည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အစိတ်အပိုင်းဖြစ်ရာ မိခင်တိုင်းက ဂရုပြုကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာများ အသိပညာပေးနေကြပြီ။ HIV/AIDS ရောဂါကူးစက်မှု တားဆီးကာကွယ်ရေး ပညာပေးဆွေးနွေးနေကြသည်။ အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်မှုနှင့် နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ယခုအခါ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲများကို မြို့နယ်များ၌ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလျက်ရှိရာ ကျန်းမာပျော်ရွှင်ဖွယ် လူမှုပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်နိုင်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ခရိုင်အတွင်း သစ်တောစိုက်ခင်းများ ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် နေပြည်တော်တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးဝိုင်းရှိ ၂၀၁၀ ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်း ဧက၁၀၀ သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန မန္တလေးတိုင်းညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ကျွန်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု၊ အောက်ဆင်သေကြိုးဝိုင်းအတွင်း ပုဂ္ဂလိက ကျွန်းနှင့် သစ်မာစိုက်ခင်း ၁၁၃၅ဧက စိုက်ပျိုးနေမှု၊ လျှိုပိတ်ဆည် တည်ဆောက်ရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားကာ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုနှင့် လျှိုပိတ်ဆည်ပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ စိုက်ပျိုးထားသော ရမည်းသင်းမြို့နယ် ငှက်သိုက်ကျေးရွာ သစ်တောဦးစီးဌာန ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်စံပြသစ်တောစိုက်ခင်း သစ်မာ တစ်ဧကနှင့် နေပြည်တော်တပ်ကုန်းမြို့နယ် အေးမွန်ကျေးရွာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာ သစ်မာတစ်ဧက စံပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စိုက်ခင်းအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော်တပ်ကုန်းမြို့နယ် အေးမွန်ကျေးရွာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာ သစ်မာတစ်ဧက စံပြစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ချမ်းမြသာစည်မြို့နယ်၌ စာပေနှင့်စာနယ်ဇင်းညီလာခံ အတွေ့အကြုံရှင်းလင်း စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်သစ်များ ကြိုဆိုမိတ်ဆက်ပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် ချမ်းမြသာစည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်သစ်များ ကြိုဆိုမိတ်ဆက်ပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး စာပန်းရဂုံခန်းမ၌ ဇူလိုင် ၄ရက်က ကျင်းပသည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ ပဉ္စမအကြိမ်ညီလာခံ မိန့်ခွန်းကို ဖတ်ကြားရှင်းလင်း၍ စာပေနှင့် စာနယ်ဇင်းညီလာခံကျင်းပပုံနှင့် အတွေ့အကြုံတို့ကို ရှင်းလင်းတင်ပြပြီး **(ယာပုံ)** မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးက ပြန်ကြားရေးဝန်ကြီး၏ ပဉ္စမအကြိမ်ညီလာခံလမ်းညွှန် အမှာစကားကို ဖတ်ကြားကြကြောင်းသိရှိရသည်။ (ကြေးမုံ)

တာဝန်ပေးအပ်

ဟင်္သာတမြို့နယ် စီမံကိန်းရည်မှန်းချက်များနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ရက်က ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများအား စီမံကိန်းတာဝန်ပေးအပ်စဉ်။

(ကြေးမုံ)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၈

တောင်ဥက္ကလာပမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွား သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်ဆွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းသန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် ဦးချစ်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းသန်း **(အောက်ဝဲပုံ)**က အဖွင့်အမှာစကား ပြောကြားသည်။ သင်တန်း၌ မြို့နယ်ကော်မရှင် အတွင်းရေးမှူး ဦးအောင်စန်းဝင်း၊ အဖွဲ့ဝင် ဦးလှဦး၊ ဦးသံချောင်း၊ ဒေါ်ခင်စီတို့က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ ရှင်းလင်းပြောကြားကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ခင်မာဆွေ၊ ဒေါက်တာမာမာအေး၊ ဦးဇင်မင်းလှိုင်၊ ဦးအောင်မြင့်၊ ဦးမြင့်စိန်၊ ဦးဟန်မြင့်၊ ဦးမြင့်သန်း၊ ဦးကိုကိုလွင်နှင့် ဦးမျိုးမင်းအောင်တို့က မဲရုံသရုပ်ပြတင်ဆက်မှုကို ကြီးကြပ်ဆောင်ရွက်ကြသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၂၅၈ဦး တက်ရောက်ကြောင်း သိရသည်။ (၆၃)



မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၅ ၉။ မိုးသောက်ကြယ်
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၃၂)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး ရဟန်းငယ်များနှင့် ရှင်သာမဏေများကို လမ်းညွှန်ဩဝါဒပေး

ဒါယကာ၊ ဒါယိကာမများကိုလည်း အသိအမြင် အဆုံးအမ တိုးပွားစေ

☆ ရှေ့ဖုံးမှ

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီးခုနစ်ပါးအား တင်မြှောက်တော်မူကြသည်။

အထူးအစည်းအဝေး၌ သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော် အရေအတွက် ပြည့်မီကျော်လွန်သဖြင့် အထူးအစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ဖွင့်လှစ်

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များက “ သာသနသဿစ လောကဿ ” အစချီဂါထာကို သုံးကြိမ်ရွတ်ဆိုလျက် အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနက အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

[သဘာပတိ ဆရာတော်၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ(၄)တွင် သီးခြားဖော်ပြထားပါသည်။]

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးသို့ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးကို အထူးရှေးရှုအလေးဂရုပြုတော်မူကြကာ ကိုယ်ရေးကိုယ်တာအမှု၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုတို့ကို မငဲ့မရှု သည်းခံမှုဖြင့် အညီအညွတ် ကြွရောက်ချီးမြှင့်တော်မူလာကြသော သာသနာ့ထိပ်ခေါင်တင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်များအား ကျန်းကျန်းမာမာ စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့်ရရှိပါသဖြင့်လည်းကောင်း၊ သုခါသံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ အကျင့်သီလသိက္ခာ၊စိတ်နေ သဘောထားတူမျှသူတို့၏ အမူအကျင့်နှင့် ဆောင်ရွက်ချက်များ ညီညွတ်စုစည်းမှုတခြင်းသည် ချမ်းသာ၏ ဟု ဗုဒ္ဓဘုရားရှင် ဟောကြားမိန့်မှာတော်မူသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ ကိစ္စတာဝန်များကို ညီညွတ်စွာ အညီအညွတ် စည်းဝေး တိုင်ပင် ညှိနှိုင်းဆုံးဖြတ်ကြမည်ကို သိရှိကြည်ညိုရပါသဖြင့်လည်းကောင်း အလွန် အထူးပင် ကြည်နူးဝမ်းမြောက်ရပါကြောင်း ရှေးဦးစွာလျှောက်ထားအပ်ပါကြောင်း။

ဆောင်ရွက်နိုင်ခဲ့

သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားစေရန်၊ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး၍ သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် ခုရနှစ်ပါးကို ကိုယ်စိတ်ချမ်းသာစွာ ထမ်းဆောင်လျက် သာသနာတော်သုံးရပ်အတွက် ဆောင်ရွက်နိုင်ကြစေရန်၊ သံဃာ ညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ကြရန် စသောရည်ရွယ်ချက်များကို အခြေခံလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ၁၉၈၀ ပြည့်နှစ် မေလတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်း သံဃနာယက စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေး ဆောင်ရွက်ရာတွင် အခြေခံထား ကိုးကားမှီငြမ်းရမည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ အခါအားလျော်စွာ ပြဌာန်းထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်ဆောင်လျက် သာသနာရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

နိုင်ငံတော်ဩဝါဒါစရိယ မဟာထေရ်မြတ်ကြီးများ၏ ဩဝါဒများကို နာယူလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်မြတ်ကြီးသန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို သာသနာ့တာဝန် ဒို့တာဝန်ဟု ခံယူကာ စုစည်းညီညွတ်စွာ ဆောင်ရွက်ကြရာတွင် မိမိတို့ဒေသ နယ်ပယ်အတွင်းရှိ ကျောင်းတိုက်များမှ ရဟန်း သာမဏေများအား ဝိနည်းသိက္ခာစည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်စေရေး၊ ဝိနည်းသိက္ခာနှင့်မညီ သမဏသာရုပ္ပမဖြစ်သော အမူအကျင့်များကို ရှောင်ရှားစေရေး၊ လူဝတ်ကြောင် လူပုဂ္ဂိုလ်တို့၏ ရှုပ်ထွေးလှသော လောကီလူမှုကိစ္စများ၌ ပါဝင်ပတ်သက်မှုမရှိစေရေး၊ ရဟန်းသာမဏေများ လိုက်နာဆောင်ရွက်ရမည့် ဂန္ထ ဝိပဿနာ နှစ်ဖြာဓုရ အကျင့်မြတ်တို့ကို ပြတ်သားထိမိ သိရှိလိုက်နာကျင့်ကြံကြစေရေး စသည်တို့ကို မိမိလည်း လိုက်နာကျင့်ဆောင်၍ ရဟန်းငယ်များနှင့် ရှင်သာမဏေများကို လမ်းညွှန်ဩဝါဒပေးကာ ဒါယကာ၊ ဒါယိကာမများကိုလည်း သာသနဗဟုသုတ အသိအမြင် အဆုံးအမ တိုးပွားစေပြီး ဒါယကာတို့၏ သဒ္ဓါတရားကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထို့အပြင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကဏ္ဍအသီးသီးတို့တွင် သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေးမူဖြင့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ စသည်တို့နှင့်အညီ အဂတိတရားများ ပယ်ရှားလျက် သတိထိန်းချုပ်အားစိုက်ထုတ်ကာ ဆောင်ရွက်တော်မူခဲ့ကြသည်ကို တွေ့ရှိရပါသဖြင့် အားတက်ပိုမို ကြည်ညိုပူဇော်ရပါကြောင်း။

ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ သက်တမ်းသည် ၁၉၈၀ ပြည့်နှစ်မှစ၍ အနှစ် ၃၀ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အနှစ် ၃၀ သက်တမ်းအတွင်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ ထိပ်ခေါင်တင်ဥက္ကဋ္ဌဆရာတော်ကြီးများမှာ -အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီးဟူ၍ မထေရ်မြတ်ကြီး သုံးပါးတို့အား ရွေးကောက်တင်မြှောက်ခဲ့ရာ ဆရာတော်ကြီးများသည် အသက်ခန္ဓာချုပ်ငြိမ်းသည်အထိ သာသနာ့တာဝန်ကို အစဉ်အဆက်ထမ်းဆောင်တော်မူခဲ့ကြပြီး အသီးသီး တာဝန် ကျေပွန်တော်မူသွားခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယခုအခါ လစ်လပ်လျက်ရှိနေသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် ရွေးချယ်တင်မြှောက်ရန်အတွက် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကို ရွေးချယ်ပေးတော်မူရန်ကိစ္စမှာ သာသနာတော်မြတ်ကြီးအတွက် အလွန်အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးအောက်တွင်ရှိသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် နိုင်ငံတော်တစ်ဝန်းလုံး ငါးသိန်းကျော်မျှရှိသော ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သား၊ ဒါယကာ၊ ဒါယိကာမများအတွက်လည်းကောင်း အလေးအနက်ထား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်လည်းဖြစ်ပါကြောင်း။

ပြည့်စုံရမည်

“သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ” အပိုင်း(၂) အခန်း(၄) အပိုဒ်(၂၁)တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ အရည်အချင်းများကို ဖော်ပြထားရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်သည် အပိုဒ်(၁၇)ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အပိုဒ် ၂၁၊ အပိုဒ် ၁၃ လာ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်လည်း ပြည့်စုံရမည်ဟု ဖော်ပြထားပါကြောင်း၊ ယင်းဖော်ပြချက်အရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၏ အရည်အချင်းများမှာ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၏ အရည်အချင်းများ (အပိုဒ်-၁၃)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၏ အရည်အချင်းများ(အပိုဒ်-၁၇)၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၏ အရည်အချင်းများ(အပိုဒ်-၂၁) ဟူ၍ ကျယ်ပြန့်လှသော ဂုဏ်အင်္ဂါ အရည်အချင်းအားလုံးနှင့် ပြည့်စုံရမည်ဖြစ်ပါကြောင်း။

ဤသို့လျှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသည် မြတ်စွာဘုရားရှင် ပညတ်ဟောကြားတော်မူသော ဝိနည်းတရားတော်များ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ အဖွဲ့အစည်းအတွင်း သံဃာထုအတွင်း မိမိတို့အားလုံး၏ ကျောက်ထီးတန္တု အလေးဂရုပြုကြရမည့် ဥက္ကဋ္ဌဆရာတော်ကို ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ မျှညီစွာဖြင့် အလေးအနက်ထား ရွေးချယ်တင်မြှောက်ပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ ပန်ကြားလျှောက်ထားအပ်ပါကြောင်း၊ ဆရာနှင့် ဒကာညီညာ ပေါင်းစပ်ကုသိုလ်စေတနာအရပ်ရပ်တို့ကြောင့် နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေ၊ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွား ထွန်းကားပါစေဟူ၍ တောင်းဆုပတ္ထနာ ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အပါး(၃၀)တို့၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူး ဆရာတော်က တင်သွင်း၍ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များ၏ ဆန္ဒကိုရယူကာ သဘာပတိဆရာတော်က အတည်ပြုကြောင်း ကြေညာတော်မူသည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော် ရွေးချယ်တင်မြှောက်ရန်အတွက် ဥက္ကဋ္ဌ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သာသနာဘိဝံသနှင့် အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရဆရာတော်တို့ပါဝင်သည့် အစားထိုး ရွေးချယ်ပွဲကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမိန့်ကို အခမ်းအနားမှူး ဆရာတော်က ဖတ်ကြား လျှောက်ထားပြီး ကြီးကြပ်ရေးအဖွဲ့အား အခမ်းအနားကို လွှဲအပ်သည်။

ယင်းနောက် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

အဆိုတင်သွင်း

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အကျိုးတော်ဆောင် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလက အဆိုတင်သွင်းတော်မူပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့ ပန်းတောကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာစာရနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့ ဇေယျာရန်နိုင် ကျောင်းဆရာတော် ဘဒ္ဒန္တ ဥ ေယျာနန္ဒတို့က အဆိုကိုထောက်ခံတော်မူကြသည်။

ယင်းနောက် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော်က သံဃဆန္ဒကို ရယူတော်မူပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား အတည်ပြုကြောင်း ကြေညာတော်မူသည်။

အမည်စာရင်းတင်သွင်း

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒသာမိအား အမည်စာရင်း တင်သွင်းတော်မူသည်။

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော်က သံဃဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာတော်မူကာ နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် အစည်းအဝေးသဘာပတိဆရာတော် ဘဒ္ဒန္တ ဂုဏောသနက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူပြီး ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက “ဇယန္တော ဗောဓိယာမူလေ” အစချီ အောင်ဂါထာတော်ကို သုံးကြိမ် ရွတ်ဆိုတော်မူကာ “သာဓု” သုံးကြိမ် ခေါ်ဆိုတော်မူကြလျက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား တစ်နေ့တာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း) - ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)-ဒေါ်စန်းစန်းရီ၊ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို) - ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း (ငြိမ်း)-ဒေါ်မာလာတင့်နှင့် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်း မိသားစုတို့က ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ရိုသေထိုက်၊ ချစ်ခင်ထိုက်၊ ချီးမွမ်းထိုက်၊ မြတ်နိုးထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်မည့် ဥက္ကဋ္ဌ ဆရာတော်ကို သံဃာ့စည်းလုံးညီညွတ်ရေးကို မပျက်စီးမပြိုကွဲစေဘဲ ရွေးချယ်တော်မူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး၌ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသန မြွက်ကြားတော်မူသော သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်/တိုင်း/ဂိုဏ်းအသီးသီးတို့မှ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြကုန်သော သာသနာ့ကျက်သရေဆောင် သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အရှင်မြတ်တို့ဘုရား။ အစည်းအဝေးသို့ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်အဆင့် ဆရာတော်အရှင်မြတ်များ အပ္ပါဗာဓ အပ္ပါတင် လဟုဋ္ဌာန ဖြစ်တော်မူကြ၍ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် မိမိတို့ဆောင်ရွက်မည့် သာသနာ့ကိစ္စများကို လုံ့လမလစ် အားသစ်ကြိုးပမ်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-ယခုအစည်းအဝေးသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်မည့် အထူးအစည်းအဝေးဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား နိုင်ငံတော်၏သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရနှင့် ရဟန်းရှင်လူပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံမျှမက အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံရသည့် မျက်မှောက်ခေတ် သာသနာတော်အတွက် အားအထားရဆုံး၊ အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည်ကို ဆရာတော်အရှင်မြတ်များ သိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

ထိုအမြင့်ဆုံး သံဃာ့အဖွဲ့အစည်းဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၏ ဂုဏ်အင်္ဂါအရည်အချင်းများကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၄)အပိုဒ် (၂၁)၌ ဖော်ပြထားပါသည်ဘုရား။ ထိုဂုဏ်အင်္ဂါ အရည်အချင်းများနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဥက္ကဋ္ဌအဖြစ်ရွေးချယ်ရမည်ဖြစ်ပါသည်ဘုရား။ (သံ/စည်း)ပါ ထိုဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသည့်အပြင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ငါးသိန်းကျော်သော သံဃာတော်များ နိုင်ငံတော်အစိုးရ ရဟန်းရှင်လူပြည်သူတို့၏ အခေါင်ထွတ်တီး ထိပ်ခေါင်တင် သာသနာ့ကျက်သရေဆောင် သံဃာ့ဦးသျှောင် ဥက္ကဋ္ဌဆရာတော်ကြီးဖြစ်၍ (အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ် ဒုတိယမိတ္တသုတ်)၌ လာသော ဗုဒ္ဓမိန့်မှာ ဒေသနာတော်လာ-

> ပိယော ဂရု ဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
>
> ဂမ္ဘီရဥ္စ ကထံ ကတ္တာ၊ နောစဋ္ဌာနေ နိယောဇကော။

ဟူသော ဒေသနာဂုဏ်အရည်အချင်းများနှင့်လည်း ပြည့်စုံသင့်လှပါသည်ဘုရား။

(၁) သီတင်းသုံးဖော်တို့၏ (ဝါ) ရဟန်းရှင်လူတို့၏ ချစ်ခင်အပ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ပိယ-ဂုဏ်)

(၂) သီတင်းသုံးဖော်တို့၏ (ဝါ) ရဟန်းရှင်လူတို့၏ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဂရု-ဂုဏ်)

(၃) သီတင်းသုံးဖော်တို့၏ (ဝါ) ရဟန်းရှင်လူတို့၏ ချီးမွမ်းထိုက်၊ နှလုံးကို ပွားစေတတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဘာဝနိယဂုဏ်)

(၄) ကျွမ်းကျင်ပါးနပ်စွာ ပြောဆိုဆုံးမတတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဝတ္တာဂုဏ်)

(၅) အကြီးအကဲပုဂ္ဂိုလ်တို့၏ ပြောဆိုဆုံးမဩဝါဒစကားကို ရိုသေစွာလိုက်နာပြုကျင့်တတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဝစနက္ခမဂုဏ်)

(၆) သိမ်မွေ့နက်နဲသောစကားကို ပြောဆိုပြုလုပ်တတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဂမ္ဘီရကထာ ကတ္တာဂုဏ်)

(၇) မစေခိုင်း၊ မတိုက်တွန်းသင့်သော အကျိုးမဲ့လုပ်ငန်းကိစ္စ၌ မစေခိုင်း မတိုက်တွန်းတတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (နဋ္ဌာန နိယောဇကဂုဏ်)

အကြီးအကဲ ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ဖော်ပြခဲ့ပြီးသော ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်ဘုရား။ ဤဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော ဥက္ကဋ္ဌဖြစ်ပါက နေနှင့်လ၊ ရွှေနှင့်မြပမာ ဂုဏ်နှင့်ဂုဏေး၊ ဂုဏေးနှင့်ဂုဏ်တို့ဟာ အလှမှာအယဉ်ဆင့်သလို သာသနာ့အလယ်မှာ အလွန်အမြင့်တင့်မည်ဖြစ်ပါသည်ဘုရား။ သို့ပါသော်လည်း ခေတ်ကာလအချိန်အခါ အခြေအနေအရ (သံ/စည်း)၌ ပါသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အတွက် သတ်မှတ်ထားသော ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံနေလျှင်လည်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်သင့်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဂိုဏ်းပေါင်းစုံ သံဃာတော်များ၏ ရိုသေထိုက်၊ ချစ်ခင်ထိုက်၊ ချီးမွမ်းထိုက်၊ မြတ်နိုးထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်မည့် ဥက္ကဋ္ဌ ဆရာတော်ကို သံဃာ့စည်းလုံးညီညွတ်ရေးကို မပျက်စီးမပြိုကွဲစေဘဲ ရွေးချယ်တော်မူကြပါဟု မေတ္တာစိတ်ထားဖြင့် လေးလေးနက်နက်တိုက်တွန်းရင်း တပည့်တော်၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တ ဂုဏောသန
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ခပေါင်းရေလှောင်တမံ ဆည်ရေသောက်စနစ်လုပ်ငန်းများနှင့် သုံးဆယ်ရေလှောင်တမံ ဆည်ရေသောက်စနစ်လုပ်ငန်းများ၌ အသုံးပြုရန်ရောက်ရှိလာသည့် မြေတူး၊ မြေတင်စက်နှင့် မြေတွန်းစက်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ဝန်ကြီး ဦးဌေးဦး ဆည်ရေသောက်စနစ်လုပ်ငန်းများတွင် အသုံးပြုမည့် မြေတူး၊ မြေတင်စက်နှင့် မြေတွန်းစက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ကိုးမိုင်ရှိ ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၁)သို့ ရောက်ရှိပြီး ခပေါင်းရေလှောင်တမံ ဆည်ရေသောက်စနစ်လုပ်ငန်းများနှင့် သုံးဆယ်ရေလှောင်တမံ ဆည်ရေသောက်စနစ် လုပ်ငန်းများ၌ အသုံးပြုရန် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏စီမံပေးမှု ဖြင့် OPEC (အိုပက်) ချေးငွေဖြင့် ဝယ်ယူရောက်ရှိလာသည့် မြေတူး၊ မြေတင်စက် (Hydraulic Excavator) ၁၂ စီးနှင့် မြေတွန်းစက် (Tractor Dozer) လေးစီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်အမျိုးအစားအလိုက် စက်များစမ်းသပ်မောင်းနှင်ပြသမှုနှင့် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်များကို ခပေါင်းနှင့် သုံးဆယ်ရေလှောင်တမံလုပ်ငန်းခွင်များသို့ ဆက်လက်ပေးပို့မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ကြည့်ရှုလေ့လာရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းသိန်း ဦးဆောင်၍ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးညိုလင်း၊ ဦးအောင်နိုင်နှင့် ဦးသိန်းထိုက်ဦး တို့ပါဝင်သော အဖွဲ့ဝင် ၁၆ ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ ကြည့်ရှုလေ့လာရန် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပေကျင်းမြို့သို့ ထွက်ခွာရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်း၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၄) ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၈

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၄) ကို ဇူလိုင် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးနည်းဒေသအတွက် နှစ်သီးစား သီးထပ်သီးနှံပုံစံ၊ မိုးလေဝသခန့်မှန်းချက်နှင့် မိုးစပါးစိုက်ပျိုးရေး သတိပြုဖွယ်၊ မိုးမြေပဲအထွက်တိုးဖို့ စိုက်ချိန်ပြောင်းလဲစိုက်ပျိုးစို့၊ စိုက်ပျိုးရေးရာ ဖြေကြားလွှာ၊ ဂေါ်ဖီထုပ်စိုက်ပျိုး ဝင်ငွေဖြိုး စသည့်စိုက်ပျိုးရေးဆောင်းပါးများ၊ နွားကျောင်းသားအင်္ဂါရပ် (၁၁)ပါး၊ တိရစ္ဆာန်များတွင် တွယ်ကပ်သော မွှားအန္တရာယ်ကာကွယ်ခြင်း၊ မျိုးဘဲများမွေးမြူခြင်း၊ သဘာဝပုရစ် မွေးမြူဖို့အချိန်တန်ပြီ စသည့် မွေးမြူရေးဆောင်းပါးများ၊ ငှက်ဖျားရောဂါသိကောင်းစရာ၊ ထာဝရကျန်းမာဖို့ အာဟာရ ပြည့်အောင်စားသုံးစို့၊ ကလေးတို့ဘဝနှင့် ရောဂါပိုးမွှားဖြန့်ဖြူးရေးဌာနများ၊ ကိုယ်ဝန်ဆောင်များတွင် ဖြစ်ပွားလေ့ရှိသော ခြေသလုံးကြွက်သား ကြွက်တက်ခြင်းစသည့် ကျန်းမာရေးဆောင်းပါးများ၊ ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်ဖို့ သစ်ပင်စိုက်ကြစို့၊ အားကျအတုယူစရာ ရာစုဥဒါန်း စာကြည့်တိုက်စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ အီဂျစ်နိုင်ငံအကြောင်း သိကောင်းစရာ၊ စင်ကာပူနိုင်ငံ၏ လူနေမှုစရိတ်သည် နိုင်ငံတွင်း ငွေကြေးခိုင်မာမှုအပေါ် မူတည်လျက်ရှိ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သောက်သုံးရေများတွင် အဆိပ်သင့် အာဆင်းနစ်ဓာတ်များ ပါဝင်လျက်ရှိ စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် N ကိုင်ရာနှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ ဒို့ကျေးရွာ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာ ဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

(သတင်းစဉ်)

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းရှုခင်း ဗျည်းနွဲ့

ဘင်္ဂလားဒေ့ရှ်ရဲ့ ကြီးထွားလာတဲ့ အထည်ချုပ်စက်မှု

တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာတဲ့ တရုတ်နိုင်ငံက စက်ရုံအလုပ်သမားတွေရဲ့ လုပ်အားခနှုန်းတွေ မြင့်မားလာတဲ့အတွက် ကုမ္ပဏီတွေဟာ လုပ်အားခနှုန်းချိုသာတဲ့ အလုပ်သမားတွေရှိရာ နေရာသစ်တွေကို လှမ်းမျှော်ကြည့်လာကြပါတယ်။ အဲသလိုအချိန်မျိုးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂါဇီပူရ်မြို့လေးဟာ ပြည်ပကုန်ထုတ်လုပ်ငန်းရှင်တွေရဲ့ အကြိုက်တွေ့ရာ နေရာတစ်ခု ဖြစ်လာနိုင်ပါတယ်။

ဂါဇီပူရ်မြို့လေးထဲက ကွန်ကရစ်တံတိုင်းတွေ၊ သံမဏိဂိတ်ပေါက်တွေရဲ့နောက်က အထည်ချုပ်စက်ရုံတွေထဲမှာ အမျိုးသမီးအများစုပါဝင်တဲ့ ထောင်ပေါင်းများစွာသော အထည်ချုပ်လုပ်သားတွေဟာ ဝေါလ်မတ်၊ အိတ်ချ်အင်အမ်ကဲ့သို့သော နာမည်ကျော် အနောက်တိုင်း အဝတ်အထည်ကုမ္ပဏီတွေအတွက် ရှပ်အင်္ကျီတွေ၊ ဘောင်းဘီတွေ၊ တီရှပ်တွေကို ချုပ်လုပ်ပေးနေရင်း သူတို့ရဲ့ နိစ္စဓူဝနေ့စဉ်ဘဝကို ဖြတ်သန်းနေကြပါတယ်။

ဘင်္ဂလားဒေ့ရှ်လို ဆင်းရဲတဲ့ နိုင်ငံတွေဆီကို အလုပ်အကိုင်အခွင့်အလမ်းတွေ စတင်ဝင်ရောက်လာတာ ကာလအားဖြင့် သိပ်မကြာသေးပါဘူး။ တရုတ်စက်ရုံ အလုပ်သမားတွေက သူတို့ရဲ့လုပ်အားခတွေကို ပိုမိုတောင်းဆိုလာချိန်၊ တရုတ်ပို့ကုန်တွေရဲ့တန်ဖိုးကို တိုးမြင့်စေနိုင်တဲ့ တရုတ်အစိုးရရဲ့ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ အပြောင်းအလဲများမတိုင်မီ အချိန်ကလို့ ဆိုရမှာပါ။ ဒီအကြောင်းတရားတွေကြောင့် တရုတ်နိုင်ငံတွင်းမှာရှိတဲ့ လုပ်အားခနိမ့်ပါးတဲ့ အလုပ်အကိုင်တွေဟာ ဘင်္ဂလားဒေ့ရှ်လို နိုင်ငံမျိုးတွေဆီ ပိုမိုရွှေ့ပြောင်း ဝင်ရောက်လာမယ်လို့ ဘောဂဗေဒပညာရှင်တွေက မျှော်လင့်နေကြပါတယ်။

တကယ်တော့ တရုတ်စက်ရုံ အလုပ်သမားတွေနှင့် ဘင်္ဂလားဒေ့ရှ် စက်ရုံအလုပ်သမားတွေဟာ လူမှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုကိုပဲကြည့်ကြည့်၊ ပညာရေးကဏ္ဍမှာပဲကြည့်ကြည့် အခြေအနေ ကွာခြားလှပါတယ်။ သို့တိုင်အောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းပို့ကုန်တန်ဖိုးဟာ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်ကာလအကြားမှာ နှစ်ဆတိုးမြင့်လာတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့အထည်ချုပ်လုပ်ငန်းလောကမှာ ဘင်္ဂလားဒေ့ရှ် အလုပ်သမားတွေဟာ အနည်းဆုံးလုပ်အားခနှုန်းနှင့် ရပ်တည်နေရတယ်ဆိုပေမယ့် လူသုံးသန်းအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖြစ်ထွန်းလာပါတယ်။ ပြီးခဲ့တဲ့နှစ်က ဘင်္ဂလားဒေ့ရှ်ရဲ့ စုစုပေါင်းပြည်ပပို့ကုန်တန်ဖိုး ၇ ဒသမ ၁ ဘီလီယံမှာ အထည်ချုပ်ပို့ကုန် တန်ဖိုး ၈၀ ရာခိုင်နှုန်း ပါဝင်နေပါတယ်။

လုပ်သားအင်အား သန်း ၇၀ နီးပါးမျှရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ တရုတ်အထည်ချုပ် စက်မှုလုပ်ငန်းတွေကနေ အလုပ်အကိုင်နေရာ သန်း ၂၀ ကျော်မျှကို မျှဝေရယူနိုင်စွမ်းရှိနေပါတယ်။ ဒါကြောင့်မို့ တရုတ်စက်မှုလုပ်ငန်းတွေရဲ့ အပြောင်းအလဲကနေ ထွက်ပေါ်လာမယ့် ဘေးထွက်အကျိုးဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကျိုးရှိလာနိုင်ပါတယ်။ ဒါပေမယ့် တရုတ်ယွမ်ငွေတန်ဖိုးဟာ မာနေဆဲဖြစ်တဲ့အတွက် အထည်ချုပ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းတွေနှင့် ကုန်ကြမ်းတွေကို တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် နစ်နာမှုများရှိနေဆဲပဲလို့ သုံးသပ်သူတွေက ဆိုကြပါတယ်။

အပြစ်ပို့ရင်း ပြီးဆုံးခဲ့ရတဲ့ တောင်အာရှနှစ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးစကားဝိုင်း

ကမ္ဘာ့သတင်းရှုရပ်ကနေ တောင်အာရှရဲ့ ဒေသတွင်းနိုင်ငံရေးအခြေအနေကို လှမ်းမျှော်ကြည့်တဲ့အခါမှာ အခြေအနေကောင်းတယ်လို့ မဆိုလောက်ပါဘူး။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ပြုလုပ်ခဲ့တဲ့ ပါကစ္စတန်နှင့် အိန္ဒိယအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီးမှာ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ်ကူရီရှီကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားအောင်လုပ်ခဲ့သူအဖြစ် အိန္ဒိယမီဒီယာများက ပြစ်တင်ဝေဖန်လာတာကို တွေ့ရပါတယ်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှ်နား အစ္စလာမ္မာဘတ်က နယူးဒေလီကို ပြန်ရောက်ပြီးနောက် တစ်နေ့မှာပဲ တိုင်းမ်အော့ဖ်အိန္ဒိယ သတင်းစာကြီးက ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးအား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဘူးသီးအမွေးသတ်လုပ်ခဲ့သူအဖြစ် စာလုံးမည်းဖြင့် ဖော်ပြခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အိန္ဒိယရဲ့ အဓိကတောင်းဆိုချက်ဖြစ်တဲ့ ၂၀၀၈ ခုနှစ် မွမ်ဘိုင်းအကြမ်းဖက်မှု လက်သည်တရားခံများကို ထိထိရောက်ရောက် အရေးယူဖို့ကို ပါကစ္စတန်က မျက်ကွယ်ပြုထားခြင်းဖြင့် သံတမန်လမ်းကြောင်းက သွေဖည်ခဲ့တယ်လို့ အခြားထိပ်တန်း သတင်းစာကြီး တစ်စောင်က ဆိုပါတယ်။

ကက်ရှ်မီးယားပြဿနာကဲ့သို့သော ကိစ္စရပ်များကို ဖြေရှင်းနိုင်ဖို့ ပါကစ္စတန်က အချိန်သတ်မှတ်ချက်ဘောင် ဖန်တီးခဲ့ရန် ကြိုးစားခဲ့တာဟာ သံခင်းတမန်ခင်းဆိုင်ရာ အလစ်အငိုက်ထိုးနှက်ချက်လို့ ဟိန္ဒူစတန်သတင်းစာက ဆိုပါတယ်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးကလည်း ကက်ရှ်မီးယားနှင့် ရေအရင်းအမြစ် ခွဲဝေသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များထက် စစ်ရေးဆိုင်ရာများကိုသာ အိန္ဒိယက ဦးစားပေးဆွေးနွေးတာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ အကျဉ်းအကျပ်ထဲ ရောက်ခဲ့တယ်လို့ ပြန်လှန်စွပ်စွဲခဲ့ပါတယ်။

ဒါပေမယ့် အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးဟာ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ထိန်းမတ်နိုင်ဖို့ နယူးဒေလီမြို့မှာ ထပ်တွေ့ဆုံဆွေးနွေးဖို့ သဘောတူခဲ့ကြပါတယ်။ ဒါတွေကိုကြည့်ရင် အိန္ဒိယနှင့် ပါကစ္စတန်တို့ဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲဝိုင်းထက်မှာ တစ်ဦးအပေါ် တစ်ဦး အသာစီးရယူနိုင်ဖို့ ကြိုးစားနေဆဲလို့ ဆိုနိုင်ပါတယ်။

မာမွတ်အဘတ်စ်အဆိုပြုချက် အစ္စရေးလက်ခံပါမည်လား

ဒုတိယကမ္ဘာစစ်နောက်ပိုင်းကစပြီး ဖြေရှင်းလို့မရသေးတဲ့ ကမ္ဘာ့နိုင်ငံရေးပြဿနာတွေထဲမှာ အစ္စရေးနှင့် ပါလက်စတိုင်းအရေးက ထိပ်ဆုံးက ပါမှာပါ။ အခုလည်း ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲကာလ ရွှေ့တန်းနယ်မြေကို ပါလက်စတိုင်းနိုင်ငံရဲ့ နယ်စပ်မျဉ်းအဖြစ် အစ္စရေးက လက်ခံမယ်ဆိုရင် နှစ်နိုင်ငံတိုက်ရိုက် ဆွေးနွေးမှုများ ပြန်လုပ်မယ်လို့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က လေသံပစ်လာပါတယ်။

ဂျော်ဒန်သတင်းစာတစ်စောင်မှာ ဖော်ပြထားတဲ့ မာမွတ်အဘတ်စ်ရဲ့ အဆိုပြုချက်ထဲမှာ အစ္စရေးရဲ့အခြေစိုက် အိမ်ရာတွေနှင့်ပတ်သက်လို့ တစ်ခွန်းတစ်ပါဒမျှ ထည့်သွင်းခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် မာမွတ်အဘတ်စ်ရဲ့ အဆိုပြုချက်ဟာ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပျော့ပျောင်းတဲ့သဘောထားအမြင်ကို ဖော်ပြနေတယ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် မာမွတ်အဘတ်စ်ရဲ့ အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက လက်ခံနိုင်ဖွယ်မရှိပါဘူး။ ဆွေးနွေးပွဲအတွက် တင်ကူးပြဋ္ဌာန်းချက်တွေမထားဖို့ အစ္စရေးဝန်ကြီးချုပ်က ပြောကြားခဲ့ပြီးသားပါ။

တစ်ဖန် ပါလက်စတိုင်းတွေဟာ အစ္စရေးခေါင်းဆောင်အဆက်ဆက်နှင့် ၁၇ နှစ်ကြာဆွေးနွေးမှုများ ပြုလုပ်ခဲ့ပေမယ့် သူတို့အတွက် နိုင်ငံတစ်နိုင်ငံအပိုင်ရဖို့ အခြေအနေမပေးခဲ့ပါဘူး။ ဒါကြောင့်လည်း တစ်ယူသန် အစ္စရေးခေါင်းဆောင် နေတန်ယာဟုနှင့် ဆွေးနွေးပွဲလုပ်နိုင်ခဲ့ရင်တောင်မှ ပါလက်စတိုင်းတွေအနေနှင့် အနောက်ဘက်ကမ်းဒေသ၊ ဂါဇာကမ်းမြောင်နှင့် ၁၉၆၇ ခုနှစ် စစ်ပွဲအတွင်း အစ္စရေးတို့ သိမ်းပိုက်ခဲ့တဲ့ အရှေ့ဂျေရုဆလင်တို့ပါဝင်တဲ့ ပါလက်စတိုင်းနိုင်ငံတော်ကိုရဖို့ မျှော်လင့်ချက် နည်းနေပါသေးတယ်။

ဒါပေမယ့် ၁၉၆၇ ခုနှစ် စစ်ပွဲကာလ ရွှေ့တန်းနယ်မြေကို ပါလက်စတိုင်းရဲ့ နယ်စပ်မျဉ်းအဖြစ်ထားရှိရေးနှင့် စစ်နိုင်နယ်မြေများအတွင်း အစ္စရေးအိမ်ရာများ ဆက်လက်ထားရှိနိုင်မည့် အခွင့်အရေးတွေကို နှစ်နိုင်ငံဆွေးနွေးပွဲ စတင်နိုင်ရေးအတွက် အစ္စရေးတို့က လက်သင့်ခံသင့်ကြောင်း မာမွတ်အဘတ်စ်က ဆိုပါတယ်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ၏ Control Room ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(ပုသိမ်) လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ရုံဝင်းအတွင်းရှိ အပြီးသတ် စက်တပ်ဆင်လျက်ရှိသော Water Plant၊ Prilling Tower၊ Substation များ၊ Ammonia Plant၊ Urea Plant၊ Ammonia Ball Tank၊ Nitrogen Plant နှင့် Control Room များ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နည်းစဉ်အဆင့်တိုင်းအား Technical Process မှန်ကန်စွာဖြင့် Pre Commissioning၊ Commissioning စမ်းသပ်လည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် စီမံကိန်းသတ်မှတ်ကာလအတိုင်း လုပ်ငန်းများအောင်မြင်စွာဖြင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြား၍ လိုအပ်ချက်များအပေါ် ညှိနှိုင်းပံ့ပိုးပေးသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ၊ စက်ရုံတည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေး တာဝန်ခံကုမ္ပဏီများဖြစ်ကြသော Asia World ၊ HQCEC နှင့် CHINA II ကုမ္ပဏီများမှ တာဝန်ရှိသူတို့က လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်ပပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Google Earth နှင့် GIS လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၈

"Myanmar Credent Technology" သည် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအတွက် လိုအပ်သော နည်းပညာဆိုင်ရာလုပ်ငန်းများကို ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော နည်းပညာဆိုင်ရာလုပ်ငန်းများဖြစ်သည့် သတင်းအချက်အလက် မြေပုံစနစ်၊ ဒစ်ဂျစ်တယ်မြေပုံစနစ်၊ မြေတိုင်းပုံထုတ်နှင့် အင်ဂျင်နီယာ ဒီဇိုင်းလုပ်ငန်း၊ ကောင်းကင်ဓာတ်ပုံနှင့် နည်းပညာလုပ်ငန်းများတွင် မဖြစ်မနေ အသုံးချရမည့် Google Earth မှ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများအား မြေပြင်မြေပုံများအဖြစ်သို့ လွယ်ကူစွာ ပြောင်းလဲအသုံးချနိုင်ရန်အတွက် Myanmar Credent Technology မှ Google Earth နှင့် GIS လက်တွေ့အသုံးချနည်း သင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူ အသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေး လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် GIS (Geographic Information Systems)ပထဝီ သတင်းအချက်အလက် မြေပုံစနစ် (သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်။ ESRI ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည့် ArcInfo၊ ArcView၊ Arc Editor GIS ဆော့ဖ်ဝဲလ်များ အသုံးပြု သင်ကြားသွားမည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၇၊ ၁၈၊ ၂၄နှင့် ၂၅ ရက်(စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ လေးရက်)ကြာ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ရာ သင်တန်းနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူများသည် Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech၊ ဖုန်း-၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်သည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ Lewis Tan @ Tan Choon Wan သည် ဇူလိုင် ၈ ရက်တွင် ကစားဖော်များဖြစ်သော ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ Tan Soon Huat၊ ဦးစိန်ဝင်း(A-1)၊ ဦးလှဝင်း (S.F)၊ Robert တို့နှင့်အတူ ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၈)၊ ၁၄၆ ကိုက် အကွာ၌ Pro V-1 No.(4) ဘောလုံး အား Taylor Made Iron No.(6) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရန်ကင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အေးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**

ဆက်လက်၍ ရန်ကင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးနေမင်းထွန်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတာဝန်ခံ ဒေါ်ရီရီလှိုင်နှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြီး သရုပ်ပြများဖြင့် ဆွေးနွေးတင်ပြပို့ချကြသည်။ သင်တန်းသို့ ရန်ကင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၁၃၀ တို့ တက်ရောက်ကြသည်။ (၃၅)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-jae ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-jae သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေး ခရမ်းမြို့ အမှတ်(၅) ရပ်ကွက်ရှိ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး ခရမ်းမြို့နယ် ကော်မရှင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေးသည် ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို၊ ရန်ကုန် တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့်အဖွဲ့ခွဲ အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၄ ရက်တွင် ခရမ်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များအားတွေ့ဆုံရာ ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ခင်က ကော်မရှင်လုပ်ငန်းနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက လူဦးရေစာရင်းဇယားများ၊ မဲရုံနှင့် မဲပုံးများ လျာထားမှုနှင့် ကိုက်ညီရေးနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး ခရမ်းမြို့ အမှတ်(၅) ရပ်ကွက် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အစွမ်းထက်သောပရိတ်များ" (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၆း၅၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၁)**
- ၈း၃၀ Sports World (Air Race)
- ၈း၅၅ စိန်ဘုရားများသီတင်းသုံးရာပဒုမ္မာ
- ၉း၁၀ ရင်သပ်ရှုမောဖွယ်ရာ---- အံ့ဩသင့်ဖွယ်ရာ---- စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ
- ၉း၂၀ ဝိနည်းတော်နှင့်ညီသည့် သက်န်းဟူသည်
- ၉း၄၅ Global Panorama
- ၁၁း၀၅ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဉယျာဉ်ကမ္ဘာ
- ၁၁း၂၀ စွယ်တော်လေးဆူ ဆုပန်ယူ
- ၁၁း၃၅ International Show Biz
- ၁၁း၅၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
- ၁၂း၁၀ ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
- ၁၂း၂၅ သာသနာဟိတဆွမ်းလောင်း ဆန်လှူအသင်းတစ်ဖွန်းဆန် အကြိမ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်နှင့် (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
- ၁၂း၄၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
- ၁း၀၀ "အစွမ်းထက်သောပရိတ်များ" (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Celebrity Choice(ကျော်ကျော်ဗို)
- ၃း၂၀ ဝင့်ကြွားအားမာန် "ကတိုက်တမံ"
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၁)**
- ၄း၀၅ မူဟန်ကိုယ်စီတေးကိုသီ
- ၄း၁၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
- ၄း၃၀ ရင်သပ်ရှုမောဖွယ်ရာ---- အံ့ဩသင့်ဖွယ်ရာ---- စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ
- ၄း၄၅ စာအုပ်ပြခန်း (စာရေးဆရာ ဦးလှထွန်းနှင့်တွေ့ဆုံခြင်း)
- ၅း၂၀ စိန်ဘုရားများသီတင်းသုံးရာပဒုမ္မာ
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ အနုပညာမိုးကောင်းကင်
- ၇း၀၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
- ၇း၃၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Celebrity Choice (ကျော်ကျော်ဗို)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၁)**
- ၁၀း၀၀ ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
- ၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
- ၁၁း၁၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၁၁း၃၅ စွယ်တော်လေးဆူ ဆုပန်ယူ
- ၁၁း၅၅ မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့်ပူဇော်မယ်
- ၁၂း၁၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဉယျာဉ်ကမ္ဘာ
- ၁၂း၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လယ်ယာစီးပွားသတင်းဂျာနယ် (၁၀)နှစ်ပြည့်အထိမ်းအမှတ် စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့

ရန်ကုန် ဇူလိုင် ၁၈

လယ်ယာစီးပွားသတင်းဂျာနယ် (၁၀) နှစ်ပြည့် အထိမ်းအမှတ် စာပေပညာရှင်ဆရာကြီး ပါရဂူ(၈၉နှစ်)နှင့် ဆရာကြီး သောကြာမောင်ကလေး (၈၇ နှစ်)တို့ နှစ်ဦးအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဓမ္မာရုံခန်းမဆောင်၌ ကျင်းပသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ပင်တိုင်ဆောင်းပါးရှင်ဆရာကြီးပါရဂူနှင့် ဆောင်းပါးရှင်ဆရာကြီး သောကြာမောင်ကလေးတို့နှစ်ဦးအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီးနှစ်ဦးက ဩဝါဒဆုပေးစကား ပြောကြားကြသည်။**(အောက်ပုံ)**

ထို့နောက် ကြွရောက်လာသည့် ဧည့်သည်တော်များ၊ စာရေးဆရာ၊ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

အပတ်စဉ်

လယ်ယာစီးပွားသတင်းဂျာနယ်သည် ၇-၇-၂၀၀၀ ပြည့်နှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး လယ်ယာကဏ္ဍ စီးပွားရေးနှင့် ပတ်သက်သည့် သုတ၊ ရသစုံ သတင်းဂျာနယ်တစ်စောင်အဖြစ် အပတ်စဉ် ထုတ်ဝေလျက်ရှိကြောင်း သိရှိရသည်။

(၁၇၃)

မြန်မာဇာတ်လမ်း၊ တေးစု၊ ဗွီစီဒီ၊ ဒီဗွီဒီလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းဆွေးနွေး

မန္တလေး ဇူလိုင် ၁၈

မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့သည် မန္တလေးတိုင်းအတွင်း ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များ ထုတ်လုပ်သည့် မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေတေးစု၊ အငြိမ့်၊ လက်ဝှေ့၊ ဇာတ်လမ်းတို၊ ဗွီစီဒီ၊ ဒီဗွီဒီများအား တရားမဝင်ကူးယူ၍ ဆင်ဆာလက်မှတ် အသေးမပါရှိဘဲ အသုံးမပြုရေးကိစ္စနှင့်စပ်လျဉ်း၍အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၈ ရက်က မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာပြည်) ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးရှင်းလင်းပွဲတွင် မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမိုးကျော်ထွန်းတို့က ဗီဒီယိုလုပ်ငန်းဆိုင်ရာများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ လုပ်ထုံးလုပ်နည်းများအား တက်ရောက်လာကြသော မန္တလေးတိုင်းအတွင်းရှိ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များသို့ အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၄၆၉)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန သတ်မှတ်နေရာ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြပြီး ရတနာတန်းဝင်ကျွန်းနှင့် သစ်မာပင် ၂၀၀၀ ကျော်ကို စိုက်ပျိုးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဇနီး၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လျှိုပိတ်ဆည် အမှတ်(၂၉)၌ ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငါးမြစ်ချင်း၊ ငွေရောင်ငါးကြင်း၊ ရွှေရောင်ငါးကြင်း၊ ငါးခုံးမ၊ တီလားပီးယားစသည့် ငါးမျိုးသားပေါက်ကောင်ရေ သုံးသောင်းကို စုပေါင်းမျိုးစိုက်ထည့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးတို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လျှိုပိတ်ဆည် အမှတ်(၂၉)တွင် ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများ၌ မဟော်ဂနီပင်များကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများ၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ စိန်ပန်း၊ မန်ကျည်း၊ သရက်၊ ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ တမာနှင့် နှစ်ရှည်သီးပင်စားပင်များ စိုက်ပျိုးခဲ့ကြသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းဝေ ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးရွှေမြလမ်း လမ်းဘေးကတ်တုံးများ ဆောင်ရွက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၄) ဦးဇော်လေးထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စတုတ္ထအကြိမ်မြောက် Made in Thailand Festival ဖွင့်ပွဲ ဂမုန်းပွင့်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံ Department of Export Promotion (DEP) တို့က အဓိကပံ့ပိုးကူညီ၍ စတုတ္ထအကြိမ်မြောက် Made in Thailand Festival ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi က ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ပြည် ထောင် စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi Made in Thailand Festival ဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ယင်းဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၆ ရက်အထိ ကမ္ဘာအေးဂမုန်းပွင့် Shopping Mall နှင့် မြေနီကုန်း ဂမုန်းပွင့်ကုန်တိုက်တို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ထိုင်းနိုင်ငံက ထုတ်လုပ်သော အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်၊ အိမ်သုံးကုန်နှင့် စားသောက်ကုန်များအား အထူးဈေးနှုန်းဖြင့် ထိုင်းနိုင်ငံထုတ် နာမည်ကြီး အမှတ်တံဆိပ်များကို တွင်ကျယ်လူသိများအောင် ကျင်းပခြင်းဖြစ်သည်။

အမျိုးသားများအတွက် Vanson, Oasis, Kiddo, Pierre Cardin, Luigi Batani, Valentino Ruby နှင့် အခြားနာမည်ကြီး အမှတ်တံဆိပ်အကျီများ၊ အမျိုးသမီးများအတွက် Pena House, Toffy Sweet, Oak, Beryl, In Rose, Tommy Classic, Me2, Pink, Amata, Wi Wi စသည့် နာမည်ကြီး အမှတ်တံဆိပ်များ၊ အမျိုးသားအမျိုးသမီးစီး Walker, Kito, Free Wood, Adda, Fara, Lily, Shoes Gallery စသည့် အမှတ်တံဆိပ်စုံ ဖိနပ်များ၊ Leather Products တွင် Praco အမှတ်တံဆိပ်များကို ရောင်းချပေးမည်ဖြစ်သည်။

စားသောက်ကုန်များတွင်လည်း အမျိုးအစားမျိုးစုံ၊ အမှတ်တံဆိပ်စုံနှင့် Ocean အမှတ်တံဆိပ် ဖန်ခွက်နှင့် ဖန်ထည်ပစ္စည်းများ၊ ကလေးအဝတ်အထည် အသုံးအဆောင် အမျိုးမျိုးတို့ကိုလည်း အမျိုးအစားစုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

တောင်ကြီး ဇူလိုင် ၁၈

အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဆက်လက်ကျင်းပရာ ဇူလိုင် ၁၃ ရက်တွင် တောင်ကြီးတက္ကသိုလ်မှ ဒေါ်နန်းမိုခမ်း (ပထဝီဝင်ဌာန ပါမောက္ခ-ငြိမ်း)၊ ဦးဝင်းမြင့်ဆန်း(သတ္တဗေဒဌာန ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာနုနုစံ(သတ္တဗေဒဌာန ပါမောက္ခ)နှင့် ဦးတင်လှိုင်(ဘူမိဗေဒပါမောက္ခ-ငြိမ်း)တို့က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ကြပြီး "အင်းလေးအိုင်အတွင်းသို့ အနည်ပို့ချခြင်း (သုတေသနစာတမ်း)"ခေါင်းစဉ် "အင်းလေးကန်ရေဝေရေလဲဒေသ၏ ရာသီဥတုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း" ခေါင်းစဉ်၊ "Hydrological Aspect On Sedimentation of Inle Lake" ခေါင်းစဉ်၊ "အင်းလေးကန်အလှနှင့် ခရီးသွားလုပ်ငန်း" ခေါင်းစဉ်၊ "Save the Childrens အဖွဲ့မှ အင်းလေးကန်ထိန်းသိမ်းရေးအတွက် အကောင်အထည်ဖော်ခဲ့သော အစီအစဉ်များ"ခေါင်းစဉ်၊ "Assessment of Environmental Degradation in Inle Lake" ခေါင်းစဉ်၊ "အိမ်ခြံဝင်းတွင်းမှ ဝင်ငွေရရှိရေး၊ လယ်ယာကန်သင်းမှဝင်ငွေရရှိရေး၊ လယ်ယာမြေတွင်းမှ တိုးတက်ဝင်ငွေရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး"ခေါင်းစဉ်၊ "သဘာဝစိုက်ပျိုးရေးနှင့် အင်းလေးကန်ထိန်းသိမ်းစောင့်ရှောက်ရေး" ခေါင်းစဉ်၊ "အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ဖန်တီးနိုင်မှုစွမ်းအားစာတမ်း" ခေါင်းစဉ်၊ "အင်းလေးကန်ထိန်းသိမ်းရေးနှင့်စိုက်ပျိုးရေး" ခေါင်းစဉ်၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အခြေခံပညာရေး၏ အခန်းကဏ္ဍ" ခေါင်းစဉ်၊ "အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန်ဒေသမြေအသုံးချမှုနှင့် ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများ"ခေါင်းစဉ်၊ "The Role of Biosupreme Organic fertilizer and sustainable Development of Inlay Lake" ခေါင်းစဉ်၊ "Environmental Awareness of the farmers and their Farming behavior in Inle Lake" ခေါင်းစဉ်တို့ကို ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၄ ရက်တွင် သဘာပတိအဖြစ် ဦးအုန်း (FREDA)မှ ဆောင်ရွက်ပြီး "အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဥပဒေရှုထောင့်မှ လေ့လာတင်ပြခြင်း" ခေါင်းစဉ်၊ "အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသထိန်းသိမ်းရေးစီမံကိန်းနှင့် ပတ်သက်၍ ဇုန်များခွဲခြားလေ့လာတင်ပြချက်စာတမ်း" ခေါင်းစဉ်၊ "အင်းလေးကန်နှင့် ယူထရိုဖီကေးရှင်း"ခေါင်းစဉ်၊ "အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် လူ့အဖွဲ့အစည်း (Civil Society) ၏ကဏ္ဍ" ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်နှင့် ဆွေးနွေးအကြံပြုချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကာ ကဏ္ဍအလိုက် အကြံပြုချက်များမှ အပြီးသတ်ရွေးချယ်အတည်ပြုခြင်းများပြုလုပ်၍ မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်၊ ရေတွင်းကြီးကျေးရွာနှင့် ကျောက်ရေအိုးကျေးရွာများတွင် (UNDP)မှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ချက်များကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၇)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "၂၀၁၁ ခုနှစ်တွင် ဝင်လာမယ့် နိုင်ငံခြားသားလုပ်ငန်းရှင်များနေဖို့ နေရာရှာဖွေရင်း အိမ်ရာမြေဈေးကွက် ပြန်လည်တိုးတက်မည်၊ အခုဝင်လာတဲ့ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်သည် စွန့်ရမှုနည်းနည်းရှိမည်ဖြစ်သော်လည်း အကျိုးအမြတ်များများရှိမည်၊ ဆောက်လက်စ ကွန်ဒိုမီနီယံနှင့် အထပ်မြင့် အဆောက်အအုံများပြီးစီးရေးသည် ဈေးကွက်ပေါ်တွင် အဓိကမူတည်နေ" မျက်နှာဖုံးသတင်းဆောင်းပါး၊ "အာဇာနည်နေ့ ဖြစ်ရပ်ကာလတစ်ဝိုက် နိုင်ငံရေးသမိုင်းမှတ်တိုင်ထူးခြားချက်များ၊ နိုင်ငံရေးဇာတ်ခုံ၌ အတိတ်ကိုပွဲကြည့်သူ၊ ပစ္စုပ္ပန်တွင် ပွဲကသူ၊ အနာဂတ်တွင် ဇာတ်ညွှန်းရေးသူအဖြစ် သင်ခန်းစာယူကြရမည်" အာဇာနည်နေ့အထူးဆောင်းပါး၊ မောင်ဝံသ၊ မောင်စူးစမ်း၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မောင်ထွန်းလွင်(မိုးလေဝသ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ခု ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကိုကိုလှိုင်၏ "ဝိမုတ္တိခေတ်နိုင်ငံရေးနှင့် ကလိယုဂ်ခေတ်နိုင်ငံရေး"၊ မောင်မောင်စိုး၏ "စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ(ဒီမိုကရက်တစ်ပါတီ-မြန်မာ)"ဆောင်းပါးတို့ကို ဖော်ပြထားသည်။

ထို့အပြင် အင်းစိန်ဂျိတ်အိုင် အဆောက်အအုံကို အများပြည်သူများအတွက် ခုတင် ၁၀၀ ဆံ့ ဆေးရုံအကြီးစား ပြင်ဆင်မှုရာခိုင်နှုန်း ၈၀ ပြီးစီး၊ သီရိမင်္ဂလာကုန်စိမ်းဈေးသစ်ကြီးတည်ဆောက်မှု ရာခိုင်နှုန်း ၈၀ ပြီးစီး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ထုတ်ကုန်ပစ္စည်းသစ်နှစ်မျိုး ဈေးကွက်တင်၊ ပြည်ပကြွေပြားများနှင့် အရည်အသွေးပိုင်း ရင်ပေါင်တန်းနိုင်၊ တရုတ်-အာဆီယံကုန်စည်ပြပွဲ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းတစ်ရပ်၊ မြန်မာလုပ်သားများအတွက် နိုင်ငံသားစိစစ်ရေးဌာန ထူထောင်ရန် မြန်မာ-ထိုင်း ပထမအကြိမ်တရားဝင် ပူးပေါင်းဆောင်ရွက်၊ ကမ္ဘာ့ကျားထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်းမူကြမ်းကို ဘာလီအစည်းအဝေးတွင် အတည်ပြုချမှတ်၊ မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ တက်ရောက်ဆွေးနွေးခဲ့၊ အရှေ့တောင်အာရှနိုင်ငံများ၌ ငှက်ဖျားရောဂါတိုက်ဖျက်ရန် ပန်ဆူဗေးနီးယားပြည်နယ်တက္ကသိုလ်နှင့် ကယ်လီဖိုးနီးယားတက္ကသိုလ်တို့ ပူးပေါင်းစီစဉ် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ပါရှိသည်။ (သတင်းစဉ်)

ဇွန် ၂၀ ရက်က ကန့်ဘလူမြို့ တောက္ကရှပ်ကျေးရွာ အများသုံး နှစ်လက်မစက်ရေတွင်း တွင်းဆေးခြင်းနှင့် ရေကန်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသစ်ထူးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ ရှေ့ဖုံးမှ

ထမ်းပေးထားသောတံတားကြီးများကလည်း စီရရီ။ လမ်းမကြီးများမှာလည်း တိုးလျှိုပေါက် တောက်လျှောက် ဖြောင့်ဖြောင့်တန်းတန်း ကူးသန်းသွားလာနိုင်သော ဆယ့်နှစ်ရာသီသုံးလမ်းများဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားပြည်သူများ အသိဆုံးပင်ဖြစ်သည်။ ယခင်က ညအိပ်ရက်ရှည်သွားလာရသော ကားလမ်းခရီးစဉ်များကို ယခုချောမွေ့လျင်မြန်စွာ နေ့ချင်းပေါက် ခရီးနှင်နိုင်ခဲ့ပြီဖြစ်သည်။

တောင်တန်းများပေါ်သို့ မြွေလိမ်မြွေကောက် တက်သွားသော လမ်းအသွယ်သွယ်၊ မြစ်ကိုကျော် ချောင်းကိုဖြတ်၍ တွဲလွဲခိုထားသော မိုးပျံတံတားအစင်းစင်းက ၁၉၈၈ ခုနှစ်ဟိုမှာဘက်ပိုင်းကာလနှင့် ယှဉ်ကြည့်လျှင် မယုံနိုင်စရာအိပ်မက်သဖွယ် ဖြစ်နေပေလိမ့်မည်။

နိုင်ငံတော်က လမ်း၊ တံတားသစ်များကို တစ်ကဏ္ဍပြီး တစ်ကဏ္ဍ၊ တစ်ပိုင်းပြီးတစ်ပိုင်း ဖွင့်လှစ်ပေးခဲ့သည်။ လမ်းနှင့် တံတားကဏ္ဍသစ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့် တိုင်းအသီးသီး၌ ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းအရှည် ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် ၂ ဖာလုံအထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ၇၇၂၆ မိုင် ၂ ဖာလုံ ထပ်မံတိုးပွားလာခဲ့သည်။ ထို့ပြင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အခြားဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လမ်းမိုင်အရှည် ၁၁၄၇ မိုင် ၁ ဖာလုံကို လွှဲပြောင်းပေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၁၀ ခုနှစ် မတ်လတွင် ပြည်- ပေါက်ခေါင်း- တောင်ငူလမ်း ၁၂၅ မိုင် ၁ ဖာလုံ၊ မေလတွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆ မိုင်၊ ဇူလိုင်လတွင် နေပြည်တော်ပျဉ်းမနား - ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) ၂၀ မိုင် ၃ ဖာလုံခရီးကို ကတ္တရာလမ်းအဖြစ် ထပ်မံ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) လမ်းပိုင်းကို ခရီးသည်တင် ဘတ်စ်ကားကြီးများ သွားလာနိုင်အောင် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ အကျယ် ၁၂ ပေရှိ ကျောက်လမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့်သို့ တိုးချဲ့မြှင့်တင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၎င်းပြင် နေပြည်တော်ပျဉ်းမနား - ပင်လောင်းလမ်းပိုင်း မိုင်တိုင် ၄၂ မိုင် ၆ ဖာလုံတွင် ပေ ၁၇၆၀ ရှည်သော လိန်းလီကြိုးတံတားသစ်တစ်စင်း ထပ်မံတည်ဆောက်လျက်ရှိသည်။ မူလက ယာဉ်တစ်စီးချင်း ၁၃ တန် ခံနိုင်ဝန်ရှိသည့် နေရာတွင် ၇၅ တန် ခံနိုင်ဝန်ရှိသော သံမဏိသံပေါင်ကြိုးတံတားတစ်စင်း တိုးချဲ့တည်ဆောက်ထားရာ မြန်မာနိုင်ငံရှိ တံတားများအနက် အမြင့်ဆုံး၊ အထင်ရှားဆုံးနှင့် အထူးခြားဆုံး တံတားတစ်စင်း ဖြစ်လာမည်ဖြစ်သည်။ ဆက်လက်၍ ကျန်ရှိသည့် (ကိုးကွေ့-ပင်လောင်း) လမ်း ၄၉ မိုင် ၇ ဖာလုံအပိုင်းကို ကတ္တရာလမ်းအဆင့် အမြန်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ဖောက်လုပ်လျက်ရှိသည့် လမ်းများမှာ ပုသိမ်-မုံရွာလမ်းမကြီး ၄၅၀ မိုင် ၅ ဖာလုံ၊ တိုက်ကြီး - ဖောင်ကြီး - ပဲခူးလမ်း (တိုက်ကြီး- ၁၀ မိုင်ကုန်းအပိုင်း) ၄၂ မိုင် ၇ ဖာလုံ၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း - ပဲနွယ်ကုန်းလမ်း ၁၄၃ မိုင် ၆ ဖာလုံ၊ ကိုးပင်-သာဂရလမ်း ၉၆ မိုင် ၃ ဖာလုံ၊ မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း ၁၀၈ မိုင် ၄ ဖာလုံ၊ မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း ၉၁ မိုင် ၄ ဖာလုံ၊ ပြင်ဦးလွင်- မိုးကုတ်လမ်း ၉၇ မိုင်၊ ကသာ-စင်းခန်းလမ်း ၆၅ မိုင်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ၂၁၈ မိုင်၊ သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း မိုင် ၃၃၀၊ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း ၇၀ မိုင် ၂ ဖာလုံ၊ ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း ၂၂ မိုင် ၆ ဖာလုံ၊ မြေပုံ-မင်းပြားလမ်း ၂၄ မိုင် ၇ ဖာလုံ၊ ပေါက်တော-မင်းပြားလမ်း ၂၀ မိုင် ၆ ဖာလုံနှင့် ကျောက်တော်-ပလက်ဝလမ်း ၃၃ မိုင် ၅ ဖာလုံတို့ဖြစ်ပြီး၊ ယင်းလမ်းများကို မြေသားဖောက်၊ အမာခံတင်၊ ကျောက်ခင်း၊ ကတ္တရာထပ်ပိုး၍ တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။

မြစ်ဧရာနဒီကြောတစ်လျှောက် မအူပင်၊ နဝဒေး၊ ဒေးဒရဲ၊ ဗိုလ်မြတ်ထွန်းဟူ၍ ဧရာဝတီမြစ်ကူး တံတားကြီးများ ပေါ်ထွန်းခဲ့သည်။ ဗလမင်းထင်၊ အနော်ရထာ၊ ဧရာဝတီ(မကွေး)နှင့် ရတနာပုံတံတား (မန္တလေး) တို့ကိုလည်း ထပ်ဆောင်းတည်ဆောက်ပေးထားသည်။

ချင်းတွင်းတွင် နှစ်စင်း၊ စစ်တောင်းတွင် သုံးစင်း၊ သံလွင်တွင် ငါးစင်း စသည့် တံတားသစ်ကြီးများအပါအဝင် လိုအပ်သည့်နေရာများ၌ တံတားကြီးငယ်များ ဖြည့်ဆည်းပေးထားသည်။

တစ်ချိန်က တောတောင်၊ ပင်လယ်မြစ်ချောင်းများ စသည့် အတားအဆီးများရှိနေ၍ အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့် ဒေသများသည်ပင် လမ်း၊ တံတားများ ကွန်ရက်ယှက်နွယ် ဖောက်လုပ်ပေး

ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသော မံဆောင်းကြီးတံတားကို တွေ့ရစဉ်။

မန္တလေး-သီပေါ-လားရှိုး-မူဆယ် အာရှလမ်းမကြီး၏ မန္တလေးနှင့် သီပေါကြားရှိ ဂုတ်တွင်းလမ်းကို ဤသို့ ဖောက်လုပ်ပေးထားသည်။

မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် ပေါ်ထွန်းလာဦးမည့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ နှင့်အထက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်ရန် လျာထားတံတားကြီးများ

စဉ်	ပြည်နယ်/တိုင်း	တည်ဆောက်ပြီး	တည်ဆောက်ဆဲ	တည်ဆောက်ရန်လျာထား
၁။	ကချင်ပြည်နယ်	၁၉ စင်း	၂ စင်း	၁ စင်း
၂။	ကယားပြည်နယ်	၁ စင်း	၁ စင်း	-
၃။	ကရင်ပြည်နယ်	၇ စင်း	၂ စင်း	၁ စင်း
၄။	ချင်းပြည်နယ်	၃ စင်း	-	-
၅။	စစ်ကိုင်းတိုင်း	၁၇ စင်း	၃ စင်း	၁ စင်း
၆။	တနင်္သာရီတိုင်း	၇ စင်း	-	-
၇။	ပဲခူးတိုင်း	၁၉ စင်း	၁ စင်း	-
၈။	မကွေးတိုင်း	၂၀ စင်း	၃ စင်း	-
၉။	မန္တလေးတိုင်း	၁၂ စင်း	၁ စင်း	-
၁၀။	မွန်ပြည်နယ်	၄ စင်း	-	-
၁၁။	ရခိုင်ပြည်နယ်	၃၆ စင်း	၁ စင်း	-
၁၂။	ရန်ကုန်တိုင်း	၃၀ စင်း	၁ စင်း	-
၁၃။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄ စင်း	-	-
၁၄။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၅ စင်း	၂ စင်း	-
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၇ စင်း	-	၁ စင်း
၁၆။	ဧရာဝတီတိုင်း	၄၉ စင်း	၅ စင်း	၁ စင်း
	စုစုပေါင်း	**၂၄၀ စင်း**	**၂၂ စင်း**	**၅ စင်း**

...ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု ...ကြိုးတံတားကို တွေ့ရစဉ်။

... ရော ... တံတား ... ဆောင်း ... တောင်း ... ါးစင်း ... းအပါ ... များ၌

တံတားကြီးငယ်များ ဖြည့်ဆည်းပေးထားသည်။

တစ်ချိန်က တောတောင်၊ ပင်လယ်မြစ်ချောင်းများ စသည့် အတားအဆီးများရှိနေ၍ အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့် ဒေသများသည်ပင် လမ်း၊ တံတားများ ကွန်ရက်ယှက်နွယ် ဖောက်လုပ်ပေးမှုကြောင့် နိုင်ငံ၏ မြောက်ဘက်ဖျား ပူတာအိုမြို့မှ တောင်ဘက်ဖျား ကော့သောင်းမြို့အထိလည်းကောင်း၊ အရှေ့ဘက်ဖျား ကျိုင်းတုံမြို့မှ အနောက်ဘက်ဖျား စစ်တွေမြို့အထိ လည်းကောင်း ဥဒဟိုခရီးပေါက်သွားလာနိုင်နေပြီဖြစ်သည်။

လမ်း၊ တံတားများ ဖြစ်ထွန်းကြွံခိုင်လာခြင်းသည် ပြည်ထောင်စုလမ်းကွန်ရက်ကြီး တောင့်တင်းခိုင်မာစေခြင်းပင်ဖြစ်သည်။ လမ်း၊ တံတားများ တိုးချဲ့မြှင့်တင် တည်ဆောက်ပေးလျက်ရှိသည့်နည်းတူ ရထားလမ်းနှင့် တံတားများကိုလည်း နိုင်ငံတစ်ဝန်း ချိတ်ဆက်သွားလာစေရန် တိုးချဲ့မြှင့်တင် ဖောက်လုပ်ပေးခဲ့သည်။

မကွေးတိုင်းကို ဗဟိုပြု၍ ပုသိမ်မှ ကြံခင်း-ပခုက္ကူ-ကလေးအထိ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများသို့ ရထားလမ်းတစ်ကြောင်း ဖြာထွက်လာသည်။ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရသော ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများသည် မျက်မှောက်ခေတ်၌ အရှေ့ခြမ်းဒေသနှင့် အိမ်ဦးနှင့် ကြမ်းပြင်တစ်တန်းတည်း တည်ရှိလာနိုင်တော့မည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် ကူးသန်းရောင်းဝယ်ကုန်စည်ဖလှယ်မှုလုပ်ငန်းများ သွက်လက်မြန်ဆန် တိုးတက်လာကာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ ပိုမိုအကျိုးဖြစ်ထွန်းလာသည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ နယ်မြေဒေသများ ငြိမ်းချမ်းမှုရရှိလာသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအလှများ ဝေဆာလာခဲ့ရပေသည်။

နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာ၍ တိုင်းရင်းသားလူမျိုးများအားလုံး ဆူကြုံနိမ့်မြင့် ကွာဟချက်မရှိ တန်းတူညီတူ၊ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်စေရန်ရည်မှန်းပြီး မွန်မြတ်သော သဘောထားစေတနာမှန်ဖြင့် အခြေခံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်ခြင်းနှင့် ငြိမ်းချမ်းခြင်း အကျိုးတရား၏ ထင်ရှားသော ရလဒ်မှတ်တိုင်များဟုဆိုရမည်ဖြစ်သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသော ကဏ္ဍများ အရှိန်အဟုန် မြင့်လာခဲ့သည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

အနာဂတ်တွင် နိုင်ငံ ဖွံ့ဖြိုးစည်ပင်လာစေရန် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကုံလုံစေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မော်တော်ကားလမ်းနှင့်အတူ တံတားအင်အားကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၀၀ နှင့် ပေ ၁၈၀ အကြား တံတားပေါင်း ၂၉၁၅ စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီးအစင်း ၂၄၀ အထိ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ တံတားကြီးငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသည့် တံတားကြီးလေးစင်းနှင့် နှစ်လမ်းသွားကားလမ်းသာပါရှိသည့် မြစ်ကူးတံတားကြီးတစ်စင်းတို့ဖြစ်သည်။

ဧရာဝတီတံတား(ညောင်တုန်း)

ဧရာဝတီတံတား (ညောင်တုန်း) သည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း သွားလာဆက်သွယ်မှု ပိုမို လွယ်ကူလျင်မြန်စေရန်အတွက် ဧရာဝတီမြစ်ကို ညောင်တုန်းမြို့အနီးမှ ဖြတ်ကျော်၍ ရထားလမ်းနှင့် ကားလမ်းတစ်ပေါင်းတည်း ပါဝင်သောတံတားဖြစ်သည်။ နှစ်လမ်းမောင်းကားလမ်းနှင့် ရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိပြီး တံတား၏ ကားလမ်းအရှည် ၉၃၈၂ ပေနှင့် ရထားလမ်းအရှည် ၁၀၃၇၇ ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် ၃ ပေစီပါရှိသည်။

ဧရာဝတီတံတား(မလွန်)

ဧရာဝတီတံတား (မလွန်)သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ ပဌနဂိုလ်နှင့် မလွန်မြို့အနီးတွင် တည်ဆောက်လျက်ရှိသည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း-ပခုက္ကူရထားလမ်းနှင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေး-ချောက် ရထားလမ်းတို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်း ဖြစ်သည်။ နှစ်လမ်းသွား ကားလမ်းနှင့် ရထားလမ်းတစ်လမ်း တစ်ပြိုင်တည်းပါရှိပြီး တံတား၏ ကားလမ်းအရှည် ၄၆၉၅ ပေနှင့် ရထားလမ်းအရှည် ပေ ၅၅၁၀ တို့ဖြစ်သည်။

ဧရာဝတီမြစ်ကူးတံတား (ရတနာသီယ်)

စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်သို့ တောက်လျှောက်ခရီးပေါက်နိုင်ရန် ၂၈၄၁ ပေနှင့် ၄ လက်မရှည်သော နှစ်လမ်းမောင်းဧရာဝတီမြစ်ကူး (ရတနာသီယ်) တံတားတစ်စင်းကို ဖွဲ့သီသွားမည်ဖြစ်သည်။

၎င်းတံတားကို အသုံးပြု၍ ဧရာဝတီမြစ်အရှေ့ဘက် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းပေါ်ရှိ လက်ပံလှလမ်းခွဲမှစဥ့်ကူးမြို့သို့ လည်းကောင်း၊ တံတားကိုဖြတ်ကျော်ပြီး အနောက်ဘက် ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး- ရွှေဘို- မြစ်ကြီးနားလမ်းအတိုင်း မြောက်ဘက်သို့ လည်းကောင်း၊ အနောက်ဘက် မုံရွာသို့ လည်းကောင်း၊ တောင်ဘက်စစ်ကိုင်းမှတစ်ဆင့် မန္တလေးမြို့သို့ ပတ်လမ်းအဖြစ် လည်းကောင်း လူးလာခေါက်ပြန် သွားလာနိုင်မည်ဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ)

ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနှင့် အနောက်ဘက်ခြမ်း (ပခုက္ကူ)မြို့တို့ကို ဆက်သွယ်ပေးမည့် ၁၁၄၃၁ ပေ ရှည်သော ဧရာဝတီတံတား(ပခုက္ကူ)အား တည်ဆောက်လျက်ရှိသည်။ ပင်မတံတားအရှည် နှစ်မိုင်ကျော်ရှိမည်ဖြစ်ပြီး နှစ်လမ်းသွား ကားလမ်းနှင့် ရထားလမ်းတို့ ယှဉ်တွဲပါရှိမည့် သံကူကွန်ကရစ် သံမဏိသံပေါင် တံတားကြီးသည် ပခုက္ကူ-မြင်းချိုင့်-လက်ပံခြေပေါ်-သစ်ထောက် - ညောင်ဦးတို့ကို ဆက်သွယ်ပေးမည်ဖြစ်ပြီး ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ တံတားကြီး ပြီးစီးသည်နှင့် ကချင်ပြည်နယ် ဗန်းမော်၊ ရှမ်းပြည်နယ် ကျိုင်းတုံ၊ တနင်္သာရီတိုင်း မြိတ်မြို့တို့ကို လည်းကောင်း၊ မင်းဘူး-အမ်းလမ်းကိုဖြတ်၍ ရခိုင်ပြည်နယ် ကျောက်တော်-စစ်တွေမြို့သို့ လည်းကောင်း ရထားလမ်းများ လွှမ်းခြုံချိတ်ဆက်မိသွားမည်ဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

ချင်းပြည်နယ်အတွင်း ဖောက်လုပ်ပေးထားသော မင်းတပ်-မတူပီကားလမ်းကို ညီညာပြန့်ပြူးစွာ တွေ့ရစဉ်။

ဆက်လက်ဖောက်လုပ်လျက်ရှိသည့်အဓိကလမ်းများ

စဉ်	လမ်းအမည်	ခရီးမိုင်
၁။	ပုသိမ်-မုံရွာလမ်းမကြီး	၄၅၀ မိုင် ၅ ဖာလုံ
၂။	တိုက်ကြီး- ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး-၁၀မိုင်ကုန်းအပိုင်း)	၄၂ မိုင် ၇ ဖာလုံ
၃။	မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း	၁၄၃ မိုင် ၆ ဖာလုံ
၄။	ကိုးပင်-သာဂရလမ်း	၉၆ မိုင် ၃ ဖာလုံ
၅။	မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း	၁၀၈ မိုင် ၄ ဖာလုံ
၆။	မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း	၉၁ မိုင် ၄ ဖာလုံ
၇။	ပြင်ဦးလွင်-မိုးကုတ်လမ်း	၉၇ မိုင်
၈။	ကသာ-စင်းခန်းလမ်း	၆၅ မိုင်
၉။	မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း	၂၁၈ မိုင်
၁၀။	သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း	၃၃၀ မိုင်
၁၁။	နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း	၇၀ မိုင် ၂ ဖာလုံ
၁၂။	ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း	၂၂ မိုင် ၆ ဖာလုံ
၁၃။	မြေပုံ-မင်းပြားလမ်း	၂၄ မိုင် ၇ ဖာလုံ
၁၄။	ပေါက်တော-မင်းပြားလမ်း	၂၀ မိုင် ၆ ဖာလုံ
၁၅။	ကျောက်တော်-ပလက်ဝလမ်း	၃၃ မိုင် ၅ ဖာလုံ

✳ စာမျက်နှာ ၉ မှ

ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ရန်ကုန်-ပုသိမ်လမ်းပိုင်းနှင့် ပုသိမ် - ဟင်္သာတ - ကြံခင်း - ပခုက္ကူ လမ်းပိုင်းမှတစ်ဆင့် ကလေးအထိ၊ ထိုမှတစ်ဖန် မိုရေးအထိလည်းကောင်း၊ အရှေ့ဘက်သို့လားသော် လားရှိုးမှ ကြယ်ဂေါင်သို့လည်းကောင်း ပြည်ထောင်စုရထားလမ်းအဖြစ်လမ်းပေါက် ဖြန့်ကြက်တည်ရှိလာတော့မည်ဖြစ်သည်။

ဧရာဝတီတံတား (ပခုက္ကူ)သည် နောင်တစ်ချိန်တွင် ထိုင်း-မြန်မာ-အိန္ဒိယနိုင်ငံချင်းဆက် အာဆီယံ ဘင်းမ်စတက်လမ်းမကြီး ပေါ်တွင် အချက်အချာကျ တံတားတစ်စင်း အဖြစ် နေရာယူရမည်ဖြစ်သည်။ ရထားရော ကားပါဖြတ်သန်းနိုင်သည့် တံတားကြီးများအနက် မြန်မာနိုင်ငံတွင် အရှည်လျားဆုံးနှင့် အထင်ရှားဆုံးအဖြစ် လမ်း၊ တံတားကဏ္ဍ မှတ်တိုင်သစ်ကြီး ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ဧရာဝတီတံတား (စင်းခန်း)

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ ကားရော ရထားပါတစ်ပြိုင်တည်း သွားလာနိုင်မည့် ၄၆၉၅ ပေ ရှည်သော ဧရာဝတီတံတား (စင်းခန်း) သံမဏိသံပေါင်တံတားကြီးအား ဧရာဝတီမြစ်ကို ဖြတ်၍ တည်ဆောက်လျက်ရှိသည်။ အဆိုပါတံတား ပြီးစီးသွားပါက မြန်မာနိုင်ငံအနှံ့အပြားမှ ကုန်စည်များ ဗန်းမော်မြို့အထိ ကား၊ ရထားတို့ဖြင့် လျင်မြန်စွာသွားလာနိုင်ပြီး နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့်လည်း အပြန်အလှန်ကုန်စည်ကူးသန်းရောင်းဝယ်နိုင်မည်ဖြစ်သည်။

အဆိုပါ တံတားကြီးများသည် ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပေ ၁၈၀အထက် သံကူကွန်ကရစ် သံမဏိသံပေါင် တံတားများဖြစ်သည်။ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဒေသများကို တိုက်ရိုက်ဆက်သွယ်ပေးမည့် တံတားကြီးများဖြစ်၍ ဒေသထွက်ကုန်များ ကူးသန်းရောင်းဝယ်မှုမြန်ဆန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဧရာဝတီမြစ်ကူးတံတားငါးစင်းအပါအဝင် တံတားအသစ် ၂၂စင်းကိုလည်း တတ်စွမ်းနိုင်သမျှ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ရှမ်းပြည်နယ် ရွှေလီတံတား(မြစ်ဆုံ)၊ စစ်ကိုင်းတိုင်းတွင် ယက်ဖချောင်းတံတား၊ ဧရာဝတီတိုင်း ကျုံမငေး မြို့နယ်တွင် ကျွန်းပြာသာဒ်တံတား၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဂျိုင်းမြစ်ကူးတံတား (ကော့ကရိတ်) နှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် မူလာရှီးဒီတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်ရန် ရည်မှန်းထားသည်။ ထို့ပြင် ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်ရှိ ပေ ၇၂၀ရှည်သော စစ်တောင်းတံတား (နတ်သံကွင်း)ကိုလည်း ရာသီမရွေးသွားလာနိုင်အောင် တည်ဆောက်သွားရန် စိုင်းပြင်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများတွင် လမ်းနှင့်တံတားများကို နိုင်ငံရေးအမြင်၊ စီးပွားရေး အမြင်၊ အမျိုးသားရေးအမြင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ငွေကြေး အမြောက်အမြားအရင်းတည်ကာ တည်ဆောက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံ၏ ပထဝီအနေအထားအရရေ၊ မြေခြားနားမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများကို မဟာဗျူဟာကျကျ အကွက်ချပြီး ကိုယ့်ခွန်ကိုယ့်အား အရင်းတည်ကာ ပုံဖော်တည်ဆောက်ထားသဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှု အောင်ပွဲအဖြစ် ပြည်နယ်နှင့် တိုင်း ဖွံ့ဖြိုး တိုးတက်မှုမှသည် ပြည်ထောင်စုကြီးဆီသို့ ရှေးရှု ဦးတည်ချီတက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံများ ကွက်ပြည့်နီးပါး ဖြစ်ထွန်းနေပြီဖြစ်သည်။ ခင်းပေးထားသော လမ်းနှင့် ထမ်းပေးထားသောတံတားများသည် မျက်မှောက်ခေတ်၌ ပြည်သူတို့ လျှောက်သောလမ်းကို ဖြောင့်တန်း သာယာစေလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားရေးကို မျက်ခြည်ပြတ်မခံဘဲ နေ့မအား ညမနား ကြိုးပမ်းအားထုတ်အလုပ်ဖြင့် သက်သေပြနိုင်ခဲ့ပေသည်။ လမ်း၊ တံတားများကို မြန်မာနိုင်ငံတစ်နံတစ်လျား ကွန်ရက် ဆက်စပ်ရစ်ပတ်ဖွဲ့နှောင်တည်ဆောက်ပေးနေခြင်းသည် ဒေသနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ကျယ်ပြန့်စွာ စဉ်းစားပြီး ပတ်ဝန်းကျင်အမွေခံ ကောင်းများကို မျိုးစေ့ချဖော်ဆောင်ပေးသည့် စေတနာပြယုဂ်များပင်ဖြစ်သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးထားသော အတ္ထရံတံတားကြီးကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလျက်ရှိနေသည်။

ယခုတင်ပြခဲ့သော လမ်းတံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်က နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အတွက် ကောင်းသော အမွေကို သားစဉ်မြေးဆက် ဆက်ခံနိုင်အောင် ရေရှည်အကျိုးမျှော်ကိုးပြီး ကြိုးပမ်း ဖော်ဆောင်ပေးနေသည့် မျက်မှောက်ခေတ်၏ အောင်မြင်မှုမှတ်တိုင်များပင်ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွင်းရှိ ရာဇူဒိုင်တံတား အမှတ်(၁)သည် ကျွန်းထီးတည်းဖြစ်နေသော မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဒေသအသီးသီးသို့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာပေတော့မည်။

✳စေတနာမော်ကွန်းမှ

အလှမ်းဝေးသော တောစပ် ကျောင်းလေးဖြစ်သည်။

ခရိုင်ဥက္ကဋ္ဌဦးတိုးဝင်း၊ ပြည်နယ်စည်ပင်မှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းလှတို့၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်သူလူထု၏ထည့်ဝင်လှူဒါန်းမှုများဖြင့် ကုန်ကျငွေကျပ် ၂၃၈ သိန်းရှိခဲ့သည်။ အဆောက်အအုံမှာ အလျားပေ ၁၀၀ အနံ ပေ ၃၀ ရှိပြီး စာသင်ခန်းအကျယ်ပေ ၃၀×၂၄ ပေ ငါးခန်းဖြစ်သည်။ ဝရန်တာခြောက်ပေပါ ထည့်သွင်း တည်ဆောက်ထားသည်။ သွပ်မိုး၊ အုတ်ညှပ်အဆောက်အအုံဖြစ်သည်။ ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

[၁၉-၇-၂၀၁၀ (တနင်္လာနေ့)
၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ ချစ်စရာ့အရှယ်ကကြိုးသွယ်
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ “စိမ်းစိုလန်းဆန်းအံ့မခန်း ရတနာတန်းဝင် ကျွန်းသစ်ပင်”
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(မြန်မာမှုပညာ အထူးပြု)(မြန်မာမှုပညာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ အဆိုပြိုင်ပွဲ
- ၄း၅၅ ၇။ “ကလေးများအတွက် အကောင်းဆုံး” (ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူနွဲ့နွဲ့စန်း၊ ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
- ၅း၁၀ ၈။ တေးဂီတအစီအစဉ်
- ၅း၂၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၁၀။ ၂၀၁၀ကမ္ဘာ့ဖလား ချန်ပီယံစပိန်
- ၅း၄၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၅၀ ၁၂။ “မြေဆီစိုခိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့”
- ၆း၀၀ ၁၃။ ညနေခင်းသတင်း
- ၆း၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၅။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တို့အတူရှိစဉ်တုန်းက” (အပိုင်း-၃၆)(ဇာတ်သိမ်းပိုင်း)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အဆိပ်သင့်တဲ့အချစ်” (ဒုတိယတွဲ)(အပိုင်း-၁၀)**
- ၂၂။ “သုခုမရင်ပြင်”
- ၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၄။ အစီအစဉ်ပြီး၏။

ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာများ၌ အခြေခံပညာကျောင်းဆောင်သစ်များဖွင့်

ရန်ကုန် ဇူလိုင် ၁၈

ဧရာဝတီတိုင်းအတွင်း၌ i Love Myanmarအဖွဲ့က ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်နှင့်၁၄ ရက်တို့တွင် အဆိုပါကျောင်းများ၌ ကျင်းပခဲ့သည်။

ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု သဲချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက်၉နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အလှူရှင် i Love Myanmar အဖွဲ့ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင် Emmanuel Foundation မှ ဦးဒယ်နီယယ်လလင်းနှင့် ဇနီး i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လပွတ္တာမြို့နယ် ဆားချက်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ လပွတ္တာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးမောင်ကြည်က အမှာစကားပြောကြားပြီး အလှူရှင် ဒေါ်လီဗီဆပ်နိုင်ထန်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ထို့နောက် လက်ထောက် မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ထံ ပေးအပ်သည်။

ယင်းနောက် လပွတ္တာခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည်၊ အလှူရှင် Emmanuel Foundation မှ ဦးဒယ်နီယယ်လလင်းနှင့်ဇနီးi Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်း၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမိုးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဆားချက်ကျေးရွာအုပ်စု ဆားချက်ကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၁ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပရာ လပွတ္တာခရိုင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အလှူရှင် i Love Myanmar အဖွဲ့ဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လက်ထောက် မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာကို i Love Myanmar အဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် လပွတ္တာခရိုင်ဥက္ကဋ္ဌ၊ အလှူရှင်မိသားစုနှင့်လက်ထောက်မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး အသက်(၁၈)နှစ်နှင့်အောက် ဘတ်စကက်ဘောပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး အသက်(၁၈)နှစ်နှင့်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စတင်ကျင်းပ သည်။

အနိုင်ရရှိ

ပြိုင်ပွဲ၏ အသက်(၁၈)နှစ်နှင့် အောက် ပတ်လည်ပြိုင်ပွဲတွင် K.K.S အသင်းက A.team အသင်းကို ၅၈မှတ်-၄၅မှတ် ဖြင့်လည်းကောင်း၊ အမျိုးသမီး အလွတ်တန်း ပတ်လည်ပြိုင်ပွဲတွင် အမှတ်(၁) စက်မှု(A)အသင်းက Precious အသင်းကို ၉၄မှတ်-၅၁မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် လယ်ယာနှင့် ဆည်မြောင်းအသင်းက Drogue အသင်းကို ၁၃၂မှတ်- ၂၅မှတ်ဖြင့်လည်းကောင်း၊ D.G.H အသင်းက Jokerအသင်းကို ၇၈ မှတ်-၆၁ မှတ်ဖြင့်လည်းကောင်း၊ Fire Wolf(B) အသင်းက Fire Wolf(A)အသင်းကို ၇၄မှတ်-၆၅မှတ်ဖြင့် လည်းကောင်း၊ ကယားပြည်နယ်က Seaman အသင်းကို ၈၅မှတ်-၅၆မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဆက်လက်ယှဉ်ပြိုင်

ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၈နာရီမှစ၍ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အသက်(၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Venom အသင်းနှင့် Joker အသင်း၊ အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းနှင့် လယ်ယာနှင့် ဆည်မြောင်းအသင်း၊ အမျိုးသား ပတ်လည်ပြိုင်ပွဲ Joker အသင်းနှင့် Lion အသင်း၊ လယ်ယာနှင့် ဆည်မြောင်းအသင်းနှင့် D.G.H အသင်း၊ ကယားပြည်နယ်နှင့် Furious အသင်း၊ Seaman အသင်းနှင့် Fire Wolf(B)အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် D.G.H အသင်းနှင့် Jokerအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ဘတ်စကက်ဘောအဖွဲ့ချုပ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၁၉-၇-၂၀၁၀ (တနင်္လာနေ့)

၀၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇း၀၅	တရားတော် (မေတ္တသုတ်-ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၀၇း၃၀	(၃၈)ဖြာမင်္ဂလာ
၀၇း၃၅	နံနက်ခင်းတေးပဒေသာ
၀၈း၀၀	စံတော်ချိန်+သတင်း
၀၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (ဝင်ငွေတိုးဖို့ ပဲစင်းငုံနှင့် နှမ်းလျှင်ကို သီးညှပ်စိုက်ပျိုးစို့) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (အသက် ၅၀ကျော်အမျိုးသမီးများအတွက် အသားအရည် ထိန်းသိမ်းမှု)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (အနာဂတ်ကမ္ဘာ့စွမ်းအင် လိုအပ်ချက်ကို ဖြည့်ပေးမယ့် ရေခဲလောင်စာများ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း (စစ်တက္ကသိုလ်ဗိုလ်လောင်း)
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (မူလတန်းသင်္ချာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဆံပင်ဗောက်ထလို့ စိတ်ညစ်စရာမလိုပါ)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၁၆) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၉း၄၀	ပြုံးပဒေသာ တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (နှစ်ကိုယ်ကြား)
၈း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး။

❖ ကျောဖုံးမှ

မြေလျှင်ဗဟိုချက်နှင့် မြေသားတုန်ခါမှုကို ထောက်လှမ်းသိရှိပြီးနောက် မြေလျှင်လှိုင်းများ ဖြစ်ပေါ်လာခြင်းမရှိမီ ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ရန် သိပ္ပံပညာရှင်များက မျှော်မှန်းကြသည်။

ကမ္ဘာ့မြေသားလွှာကို ဖြတ်သန်းလာမည့် မြေလျှင်လှိုင်းများ၏ အမြန်နှုန်းထက် ပိုမိုလျှင်မြန်သောနှုန်းဖြင့် အီလက်ထရွန်နစ်လှိုင်းများအား အသုံးပြုကာ မြေလျှင်ဘေးအန္တရာယ်ကို ကြိုတင်သတိပေးနိုင်ရန် သုတေသနပြု စမ်းသပ်လျက်ရှိကြသည်။

မြေလျှင် ကြိုတင်သတိပေးရေးစနစ်သစ်အား သတိပေးချက်ကို ရရှိလျှင် ရရှိချင်း ရွေ့လျားလှေကားများကို ရပ်တန့်ထားရန်၊ရထားများကိုစက်မောင်းမှုရပ်တန့်ရန်၊ ပြည်သူတို့အား ဘေးကင်းလုံခြုံရာနေရာသို့ ရွှေ့ပြောင်းစေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

(၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ ၊ လေ) ကရာတေးဒို ပြိုင်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၆ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးတက်ရောက်၍ ဆုများကို ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်နှင့်မိသားစု ဝင်များ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊အားကစားဝါသနာရှင်များနှင့်ပြိုင်ပွဲဝင်အသင်းများတက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသူများအား တပ်မတော်(ကြည်း၊ ရေ ၊လေ)မှ အရာရှိကြီးများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသွားသောအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ လေ)ကရာတေးဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် ၃ဒသမ ၇၈လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ဒသမ ၉၆လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၇၁လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ဒသမ ၁၆လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ ၁၂လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ ၀၉လက်မနှင့် ဇန်းမော်မြို့တွင် ၁ဒသမ ၇၀လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေ။ ။ယနေ့မြန်မာစံတော်ချိန် ၆း၃၀နာရီအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်'တုံကင်'ပင်လယ်ကွေ့တွင် ဖြစ်ပေါ်ခဲ့ သောအပူပိုင်းမုန်တိုင်း 'ကွန်ဆွန်'သည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၁၉ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အင်တာနက် မြေငလျင်သတင်း

မြေငလျင် ကြိုတင်သတိပေးရေးစနစ် အမေရိကန်၌ စမ်းသပ်ရန်ပြင်ဆင်

ဝါရှင်တန် ဇူလိုင် ၁၈

အမေရိကန် သိပ္ပံပညာရှင်များသည် မြေငလျင်ကြိုတင်သတိပေးရေး စနစ်တစ်ရပ်ကို ယခုနှစ်အတွင်း စမ်းသပ်နိုင်ဖွယ်ရှိကြောင်း အမေရိကန် ဘူမိဗေဒအသင်းက ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

မြေငလျင် ကြိုတင်သတိပေးရေး စနစ်အသစ်ကို စမ်းသပ်နိုင်ရန် အမေရိကန်ဘူမိဗေဒအသင်းနှင့် ကာလီဖိုးနီးယား ပြည်နယ်ရှိ တက္ကသိုလ်များမှ သိပ္ပံပညာရှင်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။

ကာလီဖိုးနီးယား ပြည်နယ် အတွင်း မြေငလျင် ကြိုတင်သတိပေးရေးစနစ်အတွက် ဆိုက်စမစ် အာရုံခံ ကိရိယာ ၃၀၀ ကျော်ကို ဖြန့်ကြက်ထားပြီးဖြစ်သည်။

ဘာသာပြန် သတင်းလုလင်
အဆင်အပြင် - ခိုင်သန္တာရွှေ

မြေငလျင်လှုပ်မှုကို တိုင်းတာမှတ်တမ်းတင်နိုင်သော ဆိုက်စမိုမီတာ (seismometer) ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြေငလျင်ဆိုင်ရာ ဆိုက်စမစ် အာရုံခံကိရိယာများမှ ထောက်လှမ်းသိရှိရသော အချက်အလက်များကို တွက်ချက်ကာ မြေငလျင် မလှုပ်မီ အများဆုံး စက္ကန့် ၉၀ အလို ကြိုတင်ကာ ဒေသခံပြည်သူများအား သတိပေးနိုင်မည်ဖြစ်သည်။

ကာလီဖိုးနီးယား ပြည်နယ်အတွင်းရှိ ဆဲလ်ဖုန်းတာဝါတိုင်များကို ယာယီ အသံလွှင့်ရုံများအဖြစ် အသုံးပြုကာ မြေငလျင်လှုပ်မည့် ကြိုတင်သတိပေးချက်ကို မိုဘိုင်းဖုန်းများသို့ ထုတ်လွှင့်ပေးနိုင်မည်ဖြစ်သည်။

မြေငလျင် ကြိုတင်သတိပေးရေး စနစ်သစ်တစ်ရပ် ဖော်ထုတ်ရန် ဆန်ဖရန်စစ္စကိုမြို့၌ ဒီဇင်ဘာလက ကျင်းပခဲ့သော အမေရိကန်ဘူမိရူပဗေဒအသင်း၏ ဆွေးနွေးပွဲတွင် သိပ္ပံပညာရှင်များ တင်ပြခဲ့ကြသည်။
စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖

လားရှိုးမြို့ နမ့်ခိုက်တိုးချဲ့ ကွက်သစ်ရှိ နတ်ရေကန် ပညာရေးကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

စေတနာမော်ကွန်းဖြင့် ပေါ်ထွန်းလာသော လားရှိုးမြို့က နတ်ရေကန် ပညာရေးကျောင်းဆောင်သစ်

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရာမည - သွေးမွန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၏ဆင်ခြေဖုံးဒေသဖြစ်သော ရပ်ကွက်(၁)၊ နယ်မြေ(၉) နမ့်ခိုက်တိုးချဲ့ကွက်သစ် ချို့တဲ့ကလေးငယ်များအတွက် ပညာရေးကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ပေးခဲ့သည်။

နတ်ရေကန်ကျောင်းသည် လားရှိုးမြို့၏ တောင်ဘက်ခြမ်း မြို့စွန် ဆင်ခြေဖုံးကျေးရွာရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖြစ်သည်။ မူလတန်းကလေးများ၊ မြို့လယ်ကျောင်းများနှင့် အတန်ငယ်
စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၇-၂၀၁၀

မချမ်းဘော	၃ ဒသမ ၇၈ လက်မ
ဟုမ္မလင်း	၂ ဒသမ ၉၆ လက်မ
မိုးကုတ်	၂ ဒသမ ၇၁ လက်မ
ချောင်းဆုံ	၂ ဒသမ ၅၂ လက်မ
သိမ်ဇရပ်	၂ ဒသမ ၁၆ လက်မ